ပူဇာစ ပူဇနေယျာနံ ဧတံ မင်္ဂလ မုတ္တမံ၊ ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်၊ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာ ၂ ရက်၊ စနေနေ့၊ အတွဲ(၄၂)၊ အမှတ်(၂)



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာနိုဘူတာကဲ့အိုဒါနိုက ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်တွင် ပေးအပ်စဉ်။ (သတင်းစဉ်)

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဂျပန်နိုင်ငံသံအမတ်ကြီးခန့်အပ်လွှာပေးအပ်

ရန်ကုန် အောက်တိုဘာ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာနိုဘူတာကဲ့အိုဒါနိုသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါသံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး မစ္စစ်ရှယ်ရုပ်(ဇ်)က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်တွင် ပေးအပ်စဉ်။ (သတင်းစဉ်)



## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ အစ္စရေးနိုင်ငံသံအမတ်ကြီးခန့်အပ်လွှာပေးအပ်

ရန်ကုန် အောက်တိုဘာ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး အဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စစ်ရှယ်ရုပ်(ဇ်)သည် ယနေ့နံနက်၁၀ နာရီတွင် ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါသံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

ခေါင်းကြီး

သတင်း

ဆောင်းပါး

အညွှန်း

"အမျိုးသားညီလာခံကြီးကို ထိပါးမည့် မည်သည့်အရေးကိစ္စကို မဆို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးသားရေးသတိဖြင့် ဝိုင်းဝန်း ဖယ်ရှားကြရမည်" ခေါင်းကြီး(စာ-၂)

"ရှမ်းပြည်နယ်၏ တစ်စိတ်တစ်ဒေသဖြစ်သော ကျိုင်းတုံတစ်ဝိုက်သို့ သွားရသည်မှာ ရှုခင်းစုံကြည့်နေရသည့်နှယ်" ဘာသာပြန်ဆောင်းပါး (စာ-၁၀)

"အကျဉ်းသားများအပေါ် ကန်တပ်ဖွဲ့ဝင်များ ညှဉ်းပန်းနှိပ်စက်မှုကိစ္စ ကမ္ဘာသို့ပျံ့နှံ့" နိုင်ငံတကာသတင်း (စာ-၄)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

## မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်)

# အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးပေါ်ထွန်းရေး တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ပန်းတိုင်အရောက် ချီတက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုဝေးနေထိုင်ရာ ပြည်ထောင်စုနိုင်ငံကြီးဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် သာယာဝပြောသော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရန် ရည်မှန်းချက်သည် အဓိကလိုအပ်ချက်တစ်ရပ် ဖြစ်သည်။

ဒီမိုကရေစီ နိုင်ငံတော်ကြီးတည်ဆောက်ရန်အတွက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ၂၀၀၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် အဆင့်(၇)ဆင့်ပါဝင်သည့် ဒီမိုကရေစီနိုင်ငံသို့ ကူးပြောင်းရေး၊ နိုင်ငံရေးအစီအစဉ်(Road Map)ကို အတိအလင်း ကြေညာခဲ့သည်။ ထိုအစီအစဉ်ကို ပြည်တွင်းရှိ နိုင်ငံသားများ၏ တစ်ခဲနက်ထောက်ခံမှုရရှိသကဲ့သို့ အိမ်နီးချင်းနိုင်ငံများ၏ထောက်ခံမှုများကိုလည်း ရရှိခဲ့သည်။

အစီအစဉ်၏ ပထမအရေးအကြီးဆုံး ခြေလှမ်းဖြစ်သည့် အမျိုးသားညီလာခံကြီးကို ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ အမျိုးသားညီလာခံသည် တိုင်းရင်းသားများ စုဝေးနေထိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတွင် မရှိမဖြစ်လိုအပ်သော သိမ်မွေ့လေးနက်သည့် ညီလာခံကြီးဖြစ်သည်။ ယင်းညီလာခံကြီးတွင် ပြည်သူလူထုကိုယ်စားပြု လူထုလူတန်းစား အလွှာရှစ်ရပ်မှ ကိုယ်စားလှယ်ပေါင်း ၁၀၈၈ ဦးတက်ရောက်ပြီး ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

၂၀၀၄ ခုနှစ် စက်တင်ဘာလ ၂၉ ရက်တွင်ကျင်းပသည့် (၅၉)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေ ညီလာခံတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ကြီး ချုပ်ရုံးဝန်ကြီးဦးတင်ဝင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏အနာဂတ်အရေးကိစ္စနှင့် စပ်လျဉ်း၍ မိန့်ခွန်းပြောကြားခဲ့သည်။

ဝန်ကြီးချုပ်ရုံးဝန်ကြီး ဦးတင်ဝင်းက မိန့်ခွန်းပြောကြားရာတွင်-

**"မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအဆောက်အအုံသစ်ဟာ တောင့်တင်းကြံ့ခိုင်မှုရှိပြီး နိုင်ငံတော်ဟာလဲ စည်းလုံးညီညွတ်မှုရှိဖို့ လိုပါတယ်။ နိုင်ငံရေးပါတီ တစ်ပါတီတည်းအနေနဲ့လည်းကောင်း၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်း အနေနဲ့လည်းကောင်း နိုင်ငံတော်ရဲ့ အနာဂတ်ကို အဆုံးအဖြတ်ပေးနိုင်မှာ မဟုတ်ပါ။ ပန်းတိုင်ရောက်ဖို့ အမျိုးသားညီလာခံကလွဲလို့ အခြားနည်းလမ်းမရှိပါ"**

ဟုပြောကြားသွားသည်။

ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီး၏ ပထမအကြိမ် အစည်းအဝေး အောင်မြင်မှုရလဒ်များသည် အဆင့်(၇)ဆင့်ပါဝင်သည့် နိုင်ငံရေးအစီအစဉ်ကို အောင်မြင်စွာဆောင်ရွက်လိုသည့် တိုင်းရင်းသားပြည်သူများ၏ ဆန္ဒကို ပေါ်လွင်ထင်ရှားစေပေသည်။ ဒုတိယအကြိမ် အမျိုးသားညီလာခံအစည်းအဝေးကို လာမည့် ပွင့်လင်းရာသီတွင် ပြန်လည်စတင်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။

ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံသို့ တက်ရောက်သည့် ကိုယ်စားလှယ်များ၏ ၆၀ ရာခိုင်နှုန်းကျော်သည် တိုင်းရင်းသားလူမျိုးများဖြစ်သည်။ ကိုယ်စားလှယ် ၁၀၀ ကျော်သည် လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့သည့် အဖွဲ့ ၁၇ဖွဲ့နှင့် အဖွဲ့ငယ် ၁၇ဖွဲ့ကို ကိုယ်စားပြုပါဝင်ကြသည်။ အမျိုးသားညီလာခံတွင် သိမ်မွေ့လေးနက်သည့် ဗဟိုအစိုးရနှင့်ပြည်နယ်၊ ဒေသကြီးများအကြား အာဏာခွဲဝေမှုကို အဓိကထား၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။

အမျိုးသားညီလာခံတွင် အခြေခံမူများနှင့် စပ်လျဉ်း၍ သဘောတူညီချက်များရရှိပြီးလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ မူကြမ်းကိုရေးဆွဲမည်ဖြစ်သည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေသစ်မူကြမ်းကို ပြည်သူ့ဆန္ဒခံယူပွဲကျင်းပ၍ မြန်မာပြည်သူများက အဆုံးအဖြတ်ပေးကြမည်ဖြစ်သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကိုအတည်ပြု ချမှတ်ပေးပြီးသောအခါ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များကို နိုင်ငံတော်ကဆက်လက်၍အကောင်အထည်ဖော်သွားမည် ဖြစ်သည်။

အမျိုးသားညီလာခံကြီးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးဆိုသည့် မြန်မာပြည်သူများ၏တောင့်တချက်ကို ဖြည့်ဆည်းပေးနိုင်သည့် တစ်ခုတည်းသော ဖြစ်စဉ်ကြီးဖြစ်သည်။ ထို့ကြောင့် အမျိုးသားညီလာခံကြီးကိုထိပါးမည့် မည်သည့်အရေးကိစ္စကိုမဆို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးသားရေးသတိဖြင့် ဝိုင်းဝန်းဖယ်ရှားကြရမည်သာ ဖြစ်သည်။

သို့ဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရန်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် အခိုင်အမာ အကောင်အထည်ဖော်နေသော နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည်သာ နိုင်ငံတော်၏ ပန်းတိုင်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ပရိယတ္တိသာသနာ့တက္ကသိုလ် ဆရာတော်များအား ဆွမ်းဆက်ကပ်

ရန်ကုန် အောက်တိုဘာ ၁

**နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၌ သီတင်းသုံးလျက်ရှိသော သင်ကြားစီမံဆရာတော်များနှင့် စာသင်သံဃာတော်အပါး ၄၅၀ တို့အား ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့နံနက် ၁၀နာရီ ၁၅မိနစ်က ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့်ဇနီး ဒေါ်မြင့်မြင့်ကို၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့်ဇနီး ဒေါ်မြသန်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဟန်ဇော်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးဝင်းမြင့်၊ ဆောက်လုပ်မှုစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးထွေးမောင်၊ ဌာနအကြီးအကဲများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။**

### ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ၏ နာယကချုပ်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး နာယကချုပ် ဆရာတော်အား ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့်ဇနီး ဒေါ်မြင့်မြင့်ကိုတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တစ်နေ့တာ ဆွမ်းအလှူတော်ငွေကျပ် ၂၈၄၀၀၀ကို ဝန်ကြီးဗိုလ်ချုပ်စောထွန်းက ပေးအပ်လှူဒါန်းရာ ဆရာတော်၏ ကပ္ပိယကာရကအဖြစ် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခိုင်အောင်က လက်ခံယူပြီး နာယကချုပ် ဆရာတော်ထံမှ အနုမောဒနာ တရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

### ဆက်ကပ်လှူဒါန်း

ထို့နောက် ဆရာတော်၊ သံဃာတော်များအား ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့်ဇနီး ဒေါ်မြင့်မြင့်ကို၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့်ဇနီး ဒေါ်မြသန်း၊ ဌာနအကြီးအကဲများ၊ ဝန်ထမ်းမိသားစုများက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဗဟန်းမြို့နယ် အမက(၂၂)သွား ကျန်းမာရေး သိကောင်း စ ရာ အကြောင်း ဟောပြောပွဲကို စက်တင်ဘာ ၂၇ ရက်က ကျောင်းခန်း မ တွင် ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာန သွားကျန်း မာ ရေး အဖွဲ့ ဆရာမကြီး ဒေါ်သိဂီလှိုင် ဟောပြောစဉ်။ (မြန်မာ့အလင်း)**



# ဗဟိုအဆင့် အမျိုးသားအနာကြီးရောဂါကင်းဝေးရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် အောက်တိုဘာ ၁

**ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန၏ ဗဟိုအဆင့် အမျိုးသား အနာကြီးရောဂါကင်းဝေးရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ၂၉ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ကျန်းမာရေး ဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမသစ်၌ကျင်းပရာ ကျန်းမာရေးဦးစီးဌာန ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး/ပြည်သူ့ကျန်းမာ) ဒေါက်တာရဲမြင့်၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ ဌာနမှူးများ၊ အကြံပေးပုဂ္ဂိုလ်များ၊ လူမှုရေးအသင်း အဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များနှင့် လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။**

### ရှင်းလင်းပြောကြား

ရှေးဦးစွာ ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ဝင်းမောင်က အမှာစကားပြောကြားပြီး အနာကြီးရောဂါတိုက်ဖျက်ရေးစီမံချက် မန်နေဂျာ ဒေါက်တာ ကျော်မြင့်က ၂၀၀၄ခုနှစ် မြန်မာနိုင်ငံ အနာကြီးရောဂါ အခြေအနေနှင့် ၂၀၀၅ခုနှစ်အတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

### ဆက်လက်ထိန်းသိမ်း

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြသည်။ ၂၀၀၅ခုနှစ်မတိုင်မီ ပြည်နယ်နှင့် တိုင်းအတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် (Sub-national level) အနာကြီးရောဂါကင်းဝေးရေး ရည်မှန်း ချက်ရရှိစေရန်နှင့် ရရှိပြီးသော ပြည် နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်များတွင် အနာကြီးရောဂါကင်းဝေးရေး ရေရှည် တည်တံ့အောင် ဆက်လက်ထိန်းသိမ်းရန်အတွက် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျိုက်ထီးရိုးစေတီတော်မီးဘေးကာကွယ်ရေးဆောင်ရွက်မှု မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် စစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် အဖွဲ့ဝင်များ လိုက်ပါလျက် စက်တင်ဘာ ၂၈ရက် နံနက်က မွန်ပြည်နယ် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်သို့ သွားရောက်၍ ရင်ပြင်တော်ပေါ်ရှိ သာသနိက အဆောက်အအုံများ မီးဘေးကာကွယ်ရေးအတွက် ကြိုတင်ဇာတ်တိုက် လေ့ကျင့်မှုများ၊ မီးသတ်စက်နှင့် မီးသတ်ယာဉ်များ၏ စွမ်းရည်အခြေအနေများ၊ ဘုရားပွဲတော်ဈေးဆိုင်ခန်းများ မီးဘေးကာကွယ်ရေး စနစ်ဖြင့် တည်ဆောက်ထားရှိမှု၊ အသက်ကယ်ဆယ်ရေးနှင့် အသက်ကယ် လွတ်မြောက်ပေါက်များ၊ လှေကားများအခြေအနေ၊ ရောဂါလန်တစ်သိန်းဆုံ့ အုတ်ရေလှောင်ကန်များ တည်ဆောက်ထားရှိမှု အခြေအနေ၊ သန္ဓေမီးသတ်စခန်း ဆောက်လုပ်မည့် မြေနေရာ အခြေအနေ၊ မီးသတ်တပ်ဖွဲ့ဝင်များ အသင့်ရှိမှုအခြေအနေနှင့် လေ့ကျင့်မှုအခြေအနေတို့ကို စစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့သည်။ **(သတင်းစဉ်)**



အောက်တိုဘာ ၁ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာနိဘူတာကဲ့အိုဒါနီအား ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်တွင် လက်ခံတွေ့ဆုံစဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

အောက်တိုဘာ ၁ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး မစ္စစ်ရှသ်ရှပ်(ဖ်)အား ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်တွင် လက်ခံတွေ့ဆုံစဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)




# အထူးကျေးဇူးတင်ရှိခြင်း

## ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

(၂၄-၉-၂၀၀၄)ရက်နေ့ တတိယအကြိမ် စာပေဒါနလှူဒါန်းပွဲတွင် သုတ/ရသစာအုပ် (၄၆၇၇၅)အုပ်နှင့် ငွေကျပ်(၃၉၇၉၀၀ဝိ/-)လက်ခံရရှိပါသည်။ လှူဒါန်းကြသည့် စေတနာရှင်များအား ပြန်ကြားရေးဝန်ကြီးဌာနက အထူးကျေးဇူးတင်ရှိပါသည်။

စတုတ္ထအကြိမ် သုတ/ရသစာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင်လှူဒါန်းပွဲကို ဆက်လက်ကျင်းပသွားမည်ဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန


# မြန်မာ့ရုပ်မြင်သံကြား

**၂-၁၀-၂၀၀၄**
**(စနေနေ့)**
**နံနက်ပိုင်း**

၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်)ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ မင်းကွန်း ဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိမော်ကွန်း "အဌမဆယ်စုနှစ်" (အပိုင်း-၄)
၇း၅၅ ၆။ သံသာချို့အေးမင်္ဂလာတေး
၈း၁၀ ၇။ အဆိုပြိုင်ပွဲ
၈း၁၅ ၈။ ရွှေလောင်းတံတား
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Grammar made Easy
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၃၀ ၃။ ပြည်တွင်းသတင်း
၁၁း၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
၁၃း၂၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"**အပိုင်း(၃၁)
၁၃း၅၀ ၇။ မအီချောင်းတံတား
၁၄း၀၀ ၈။ လောကနီတိ(၁) **"အိုးထိန်းသည်"** ကျော်ရဲအောင်၊ ခိုင်သင်းကြည်၊ မြင့်မြင့်ခိုင်၊ ဦးစောနိုင်(ရှမ်းပြည်)၊ အိဖြူစိုး (ဒါရိုက်တာ-ခင်ဇော်)
၁၄း၂၅ ၉။ တေးဂီတအစီအစဉ်
၁၄း၃၅ ၁၀။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၄း၄၅ ၁၁။ International News
၁၅း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Everyday Use
၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရက္ခဗေဒအထူးပြုများ) (ရက္ခဗေဒ)
၁၇း၁၅ ၆။ တီးကွက်ညီညာညွှန့်သံသာ
၁၇း၂၅ ၇။ ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် ကာလပေါ်တေးနှင့်ခေတ်ဟောင်းတေး(ဝါသနာရှင်အဆင့်) (အမျိုးသား)
၁၇း၃၅ ၈။ မြန်မာစာ၊မြန်မာစကား
၁၇း၅၀ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၈း၁၅ ၁၀။ တေးဂီတအစီအစဉ်
၁၈း၂၅ ၁၁။ Discovery
၁၈း၃၀ ၁၂။ ညနေခင်းသတင်း
၁၉း၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့လင်းပိုင်ငယ်"** (အပိုင်း-၁၉)
၁၉း၃၅ ၁၅။ ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ (အရေးပြိုင်ပွဲဆွေးနွေးခန်း)
၁၉း၄၅ ၁၆။ ဝင်ငွေတိုးပွားစေရာ ဆီအိုးတနသ်ာရီမှာ အပိုင်း(၂)
၂၀း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မေတ္တာသည် ဆန်းကြယ်လှသည်"** (အပိုင်း-၄)
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

**တိမ်ဖြစ်ထွန်းမည်**

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။**

# အီရတ်နှင့်ဆိုင်သည့် နိုင်ငံတကာညီလာခံ ကန်တပ်ဖွဲ့များ ရုပ်သိမ်းရေး ဆွေးနွေးသင့်

ပါရီ စက်တင်ဘာ ၂၈

အီရတ်နှင့်ပတ်သက်သည့် မည်သည့်နိုင်ငံတကာဆိုင်ရာ ညီလာခံမဆို အီရတ်ရှိ အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းရေးကို ဆွေးနွေးသင့်ကြောင်း ပြင်သစ်နိုင်ငံခြားရေး ဝန်ကြီး မီချယ်ဘာနီယာက တနင်္လာနေ့၌ ပြောကြားလိုက်သည်။

**တုံ့ပြန်**

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်း ပါဝဲလ်၏ အဆိုပြုကမ်းလှမ်းချက်ကို တုံ့ပြန်ပြောကြားရာ၌ ထိုသို့ပြောကြားလိုက်ခြင်း ဖြစ်သည်။

ကောလင်းပါဝဲလ်က တနင်္ဂနွေနေ့၌ နိုင်ငံတကာအသိုင်းအဝိုင်းသည် အမေရိကန် သမ္မတရွေးကောက်ပွဲမတိုင်မီ အောက်တိုဘာလထဲ၌ အီရတ်အခြေအနေနှင့်စပ်လျဉ်း၍ ညီလာခံတစ်ရပ် ကျင်းပသင့်ကြောင်း အကြံပြုတိုက်တွန်းခဲ့သည်။

ထို့ပြင် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဘာနီယာက အီရတ်ဆိုင်ရာ နိုင်ငံတကာ ညီလာခံသည် ဒေသတွင်းရှိနိုင်ငံများ၊ မတူညီသောအသိုင်းအဝိုင်းများအပြင် အီရတ် နိုင်ငံရေးအုပ်စုများပါဝင်လျက် ကုလသမဂ္ဂအခြေခံမူဘောင်အတွင်းမှ ကျင်းပရမည် ဖြစ်ကြောင်းလည်း ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အီဂျစ်တစ်ဦးနှင့် အီရတ်နှစ်ဦး ပြန်ပေးသမားတို့ ပြန်လွှတ်ပေး

## ပြန်ပေးဆွဲခံခဲ့ရသော အီရန်သံတမန်လည်း ပြန်လွတ်လာ

ဒူဘိုင်း စက်တင်ဘာ ၂၈

**ယခုသီတင်းပတ်အစောပိုင်း၌ အီရတ်တွင် ပြန်ပေးဆွဲခံခဲ့ရသော အီဂျစ်တစ်ဦးနှင့် အီရတ် နှစ်ဦးတို့ကို ပြန်လွှတ်ပေးလိုက်ကြောင်း အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားဌာနက တနင်္လာနေ့၌ ပြောကြားသည်။**

**ပြန်ပေးဆွဲခံရ**

အီဂျစ်အခြေစိုက် အိုရက်စ်ကွမ် ကြေးနန်းဌာန၏ အီရတ်ကုမ္ပဏီမှ အီဂျစ်အလုပ်သမား ခြောက်ဦး အီရတ်တွင် ပြန်ပေးဆွဲခံရကြောင်း အီဂျစ်အရာရှိများက ပြီးခဲ့သည့် အပတ်၌ ပြောကြားခဲ့ကြသည်။

**ကိုးကား**

ကျန် အီဂျစ် ဓားစာခံများကိုလည်း လွှတ်ပေးမည်ဖြစ်ကြောင်း ဘဂ္ဂဒက်ရှိ အီဂျစ်သံတမန်ရုပ်ကွက်များကို ကိုးကားလျက် အယ်လ်ဂျာဇီရာက သတင်းထုတ်လွှင့်သော်လည်း မည်သည့်အခါလွှတ်ပေးမည်ကို မသိကြောင်း ပြောကြားသည်။

**နှမ်းနယ်**

ထို့ပြင် ရိုက်တာသတင်းဌာနက တီဟီရန်မှသတင်းပေးပို့ရာတွင် လွန်ခဲ့သည့်လ၌ အီရတ်တွင်ပြန်ပေးဆွဲခံရသော အီရန်သံတမန် ဖီရီဒွန်ဂျဟာနီ လွတ်မြောက်လာကြောင်း၊ ကျန်းမာရေး ကောင်းမွန်ကြောင်း၊ သို့ရာတွင် ပင်ပန်းနွမ်းနယ်နေကြောင်းအီရန်သံရုံးက တနင်္လာနေ့၌ ပြောကြားသည်ဟု ဖော်ပြထားသည်။

**ဝင်မစွက်**

မိမိအား ဖမ်းဆီးထားသူများနှင့် စကားပြောဆိုရာ၌ အီရန်နိုင်ငံသည် ၎င်းတို့၏ ပြည်တွင်းရေးကိစ္စတွင်ဝင်မစွက်ဖက်ကြောင်း သဘောပေါက်ကြသည့်အတွက် မိမိအား ဤကဲ့သို့ လွှတ်ပေးလိုက်ခြင်း ဖြစ်ကြောင်း ဂျဟာနီက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**



ဘဂ္ဂဒက်မြို့ ကာရာဒါအရပ်တွင် ဒုံးကျည်ထိမှန်မှုကြောင့် ပျက်စီးသွားသော ဆိုင်တစ်ဆိုင်၏ အပျက်အစီးများအား ရှင်းလင်းနေသည့် အီရတ်တစ်ဦးကို စက်တင်ဘာ ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# ဗြိတိသျှဓားစာခံ ဘစ်ဂလီ၏သတင်း ထပ်မံမကြားရ ပြန်လည်လွတ်မြောက်ရေး စိုးရိမ်ပူပန်နေရ

လန်ဒန် စက်တင်ဘာ ၂၉

အီရတ်နိုင်ငံ၌ ဓားစာခံအဖြစ် ဖမ်းဆီးခြင်းခံထားရသော ဗြိတိန်လူမျိုး ကင်းနက်ဘစ်ဂလီပြန်လည်လွတ်မြောက်ရေးအတွက် ဗြိတိန်နိုင်ငံမှ ဘာသာရေးအဖွဲ့တစ်ဖွဲ့က ဆက်လက် ပန်ကြားတောင်းဆိုလျက်ရှိသည်။ သို့ရာတွင် ဘစ်ဂလီ၏ဇာတိမြို့မှ ဒေသခံအချို့က အသက် ၆၂နှစ် အရွယ်ရှိ ဗြိတိန်အင်ဂျင်နီယာ အသက်ရှင်လျက်ရှိသေးသည်ဆိုသည်ကို သံသယဝင်လျက် ရှိကြသည်။ လီဗာပူးမြို့တစ်ဝန်း၌ ဘစ်ဂလီ လွတ်မြောက်ရေးအတွက် ဆုတောင်းပွဲများ ပြုလုပ်လျက်ရှိနေချိန်တွင် ဘဂ္ဂဒက်မြို့၌ ဗြိတိန်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ ရောက်ရှိလျက်ရှိနေပြီး ဘစ်ဂလီအား ဖမ်းဆီးထားသူများထံ အသနားခံလွှာပေးပို့ဖြန့်ချိလျက်ရှိကြောင်း ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က ဘစ်ဂလီကို လွှတ်ပေးရန် တောင်းဆိုလျက်ရှိကြောင်း သိရသည်။ **(စီအင်န်အင်န်)**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# အကျဉ်းသားများအပေါ် ကန်တပ်ဖွဲ့ဝင်များ ညှဉ်းပန်းနှိပ်စက်မှုကိစ္စ ကမ္ဘာသို့ပျံ့နှံ့

ဘဂ္ဂဒက် စက်တင်ဘာ ၂၉

**အမေရိကန်စစ်ဘက်ဆိုင်ရာက အီရတ်အကျဉ်းသားများအပေါ် နှိပ်စက်ညှဉ်းပန်းမှုကိစ္စသည် အီရတ်၌သာမက ကမ္ဘာတစ်လွှားတွင်ပါ ပျံ့နှံ့လျက်ရှိသည်။ အမေရိကန်အစိုးရက ၎င်း၏တပ်ဖွဲ့ဝင်များကို စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိရာမှာ အီရတ်နှင့် အာဖဂန်နစ္စတန်ရှိ တပ်ဖွဲ့ဝင်များပါဝင်ကြောင်း သိရှိရသည်။ အာဖဂန်နစ္စတန်နိုင်ငံ ဂါဂျစ်မြို့ရှိ စစ်ဆေးရေးစခန်းအနီး၌ ပြီးခဲ့သော ၂၀၀၃ခုနှစ် မတ်လအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များက အာဖဂန်တပ်ဖွဲ့ဝင် ရှစ်ဦးကို ဖမ်းဆီးခဲ့ပြီး ၎င်းတို့၏အထူးတပ်ဖွဲ့သို့ ခေါ်ဆောင်သွားခဲ့ကြောင်း၊ ဖမ်းဆီးထားစဉ်ရက်များအတွင်း အသက် ၁၈နှစ်အရွယ်ရှိ အထိန်းသိမ်းခံ အာဖဂန်တစ်ဦး သေဆုံးခဲ့ပြီး အခြားခုနစ်ဦးမှာ ရိုက်နှက်နှိပ်စက်ညှဉ်းပန်းခြင်းခံခဲ့ရကြောင်းဖြင့် စွပ်စွဲခံရမှုများ ပေါ်ထွက်ခဲ့သည်။**

သက်သေအထောက်အထားများ မရှိသည့်အတွက် ၎င်းစွဲချက်အပေါ် စုံစမ်းစစ်ဆေးမှုများကို ရပ်ဆိုင်းခဲ့သည်။

အီရတ်နိုင်ငံအတွင်း၌လည်း စစ်ဘက်ဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ ဆက်လက် ပြုလုပ်လျက်ရှိရာ ယခုနှစ် ဧပြီလအတွင်းက မိုဆူးလ်မြို့တွင် ဖမ်းဆီးထားသော အီရတ်အကျဉ်းသားများသေဆုံးမှုနှင့်ပတ်သက်ပြီး အမေရိကန် ရေတပ် တပ်ဖွဲ့ဝင်သုံးဦးကိုလည်းကောင်း၊ ဘဂ္ဂဒက်မြို့၌ အီရတ်လူမျိုးသုံးဦးကို ကြိုတင်ကြံစည် သတ်ဖြတ်မှုဖြင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးကိုလည်းကောင်း စုံစမ်းစစ်ဆေးလျက်ရှိကြောင်းသိရသည်။

**သေဆုံး**

ဘဂ္ဂဒက်မြို့၌ အမေရိကန် တပ်ဖွဲ့ဝင်များ ကင်းလှည့်စောင့်ကြပ်စဉ် ယင်းအီရတ်များကို ပစ်ခတ်မိခြင်းဖြစ်ကြောင်း ပင်တဂွန် တာဝန်ရှိသူများက ပြောကြားခဲ့ကြသည်။ အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့တွင် အမေရိကန်တို့ ဖမ်းဆီးထိန်းသိမ်းထားသော အကျဉ်းသားများအနက် ၅၀ထက်မနည်း သေဆုံးခဲ့ကြောင်း၊ ၎င်းတို့အနက် ၁၉မှုကို ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(စီအင်န်အင်န်)**

# ဘဂ္ဂဒက်၌ ကန်တပ်ဖွဲ့နှင့် ခုခံရေးသမားတို့တိုက်ပွဲဖြစ်ပွား ဘာဆာရာတွင် ဗြိတိသျှစစ်ယာဉ်တန်းချုံခိုတိုက်ခိုက်ခံရ

ဘဂ္ဂဒက် စက်တင်ဘာ ၂၉

**အီရတ်နိုင်ငံဖော်လူဂျာမြို့၌ အကြမ်းဖက်မှုအား နောက်ကွယ်မှ စီစဉ်ညွှန်ကြားပေးနေသူဟု သင်္ကာမကင်းသည့် အဘူမူဆက်အယ်လဇာ ကာဝီ ပုန်းအောင်းရာနေရာကို အင်္ဂါနေ့၌ အမေရိကန်တို့က လေကြောင်းမှ တိုက်ခိုက်ခဲ့ကြပြီး ဘဂ္ဂဒက်မြို့၏ အဓိကလမ်းမကြီး၌လည်း အမေရိကန်တပ်ဖွဲ့များနှင့်ခုခံတိုက်ခိုက်ရေးသမားတို့ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။**

ဖော်လူဂျာမြို့တွင် လေကြောင်းမှ တိုက်ခိုက်မှုကြောင့် လူသုံးဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရခဲ့သည်ဟု ဆရာဝန်များက ပြောကြားသည်။

**တိုက်ခိုက်**

အမေရိကန် စစ်လေယာဉ်သည် ဖော်လူဂျာမြို့၏ မြောက်ပိုင်းရှိ ရပ်ကွက် တစ်ခုကို လေကြောင်းမှ နှစ်ကြိမ် တိုက် ခိုက် ကြောင်း မျက်မြင် တွေ့ရှိသူများက ပြောဆိုသည်။

**ပြောကြား**

ဘဂ္ဂဒက်မြို့၏ ဟိုင်ဖာ လမ်းမကြီး၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေးသမားတို့ တိုက်ပွဲဖြစ်ပွားကြောင်း၊ ထိခိုက်သေဆုံးမှု သတင်းမရကြောင်းပြည်ထဲရေး ဝန်ကြီးဌာန ပြောခွင့်ရှိသူက ပြောကြားသည်။ အမေရိကန်တင့်ကားများနှင့် လေယာဉ်ကလည်း ဆာဒါစီးတီးကို တိုက်ခိုက်ခဲ့ကြသည်ဟု ဆိုသည်။ အီရတ် တောင်ပိုင်း ဘာဆာရာမြို့၌ ဗြိတိသျှစစ်ယာဉ်တန်းတစ်ခုကို ချုံခိုတိုက်ခိုက်မှုကြောင့်ဗြိတိသျှတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီးအနီး၌ရပ်နေသော အီရတ်နှစ်ဦးဒဏ်ရာရရှိကြောင်း သိရသည်။**(အင်တာနက်)**

# အီတလီ ဓားစာခံ အမျိုးသမီးနှစ်ဦးပြန်လွတ်လာ

**ဘဂ္ဂဒက် စက်တင်ဘာ ၂၉**

အီရတ်နိုင်ငံတွင် ပြန်ပေးသမားများသည် ၎င်းတို့ ပြန်ပေးဆွဲထားခဲ့သော အီတလီ အမျိုးသမီး ကူညီထောက်ပံ့ရေးဝန်ထမ်းနှစ်ဦးနှင့် အခြားဓားစာခံငါးဦးကို ယနေ့လွှတ်ပေးလိုက်ရာ ဖမ်းဆီးခံနေရဆဲဖြစ်သော နိုင်ငံခြားသား ၁၈ ဦးထက်မနည်း အတွက် မျှော်လင့်ချက်များ တိုးလာသည်။

ထိုသို့ဆိုသော်လည်း ခုခံတိုက်ခိုက်ရေးသမားတို့သည် အီရတ်၌ အမေရိကန်တို့ရှိနေခြင်းကို ဆန့်ကျင်သည့် စစ်ပွဲဆင်နွှဲခြင်းအား အလျှော့ပေးမည့် လက္ခဏာပြခြင်း မရှိပေ။

ယနေ့ညပိုင်း၌ အဆိုပါအီတလီ အမျိုးသမီးနှစ်ဦးသည် လေကြောင်းခရီးဖြင့် အီတလီနိုင်ငံသို့ ပြန်လာကြရာ ည ၁၁ နာရီကျော်တွင် ရောမမြို့ စစ်ဘက်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ကြသည်။

**(အင်တာနက်)**

**ဘဂ္ဂဒက်မြို့ ဆာဒါစီးတီး အရပ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ တိုက်ခိုက်မှုဖြစ်ပွားစဉ် ဒဏ်ရာရရှိခဲ့သော အီရတ်နှစ်ဦးဆေးရုံ၌ ဆေးကုသမှုခံယူနေသည်ကို စက်တင်ဘာ ၂၈ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



# တရုတ်နှင့်အာဆီယံလူငယ်များဆိုင်ရာ ပေကျင်းကြေညာချက် ဒေသတွင်းလူငယ်များအကြား အကျိုးဖြစ်ထွန်းမှုများတိုးပွားစေမည်

ပေကျင်း စက်တင်ဘာ ၃၀

**တရုတ်နှင့်အရှေ့တောင်အာရှ(အာဆီယံ)အဖွဲ့ဝင် ၁၀ နိုင်ငံမှ လူငယ်များရေးရာအရာရှိများသည် ဗုဒ္ဓဟူးနေ့၌ လူငယ်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်လိုက်သည်။**

အဆိုပါ ပေကျင်းကြေညာချက်သည် ဒေသတွင်း လူငယ်များအကြား ဘုံဖွံ့ဖြိုးမှုတိုးတက်စေရေး ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးပွားစေရန် ကတိကဝတ်ဖြစ်ကြောင်း၊ ယင်းအစည်းအဝေးက ပထမအကြိမ် တရုတ်-အာဆီယံ လူငယ်ဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးကို ပုံမှန် ဖလှယ်ရေး သန္နိဋ္ဌာန်ချထားခြင်းဖြစ်ကြောင်း ဖော်ပြသည်။

ယင်းကြေညာချက်သည် ဒေသတွင်းရှိ လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများနှင့် စီးပွားရေးလုပ်ငန်းများ စတင်ဆောင်ရွက်ရန် ဖန်တီးသည့် မျက်နှာသာပေးမည့် ပတ်ဝန်းကျင်တစ်ရပ်လည်း ဖြစ်ကြောင်း ဖော်ပြသည်။

လူငယ်များအကြား ဖလှယ်မှုများသည် တရုတ်နှင့် အာဆီယံနိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုကို နက်ရှိုင်းစေမည်ဖြစ်ကြောင်း၊ ယင်းနိုင်ငံများအကြား စီးပွားရေးနှင့် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးကို တွန်းပို့လိုက်ခြင်းပင်ဖြစ်ကြောင်း တရုတ်ကွန်မြူနစ်လူငယ်အသင်း၏ ဗဟိုကော်မတီအတွင်းရေးမှူး ကျို့ကျန်းက ပြောကြားလိုက်သည်။

ဗုဒ္ဓဟူးနေ့က အဆိုပါအစည်းအဝေးသည် သမိုင်းတွင် ဂုဏ်ယူဖွယ်ရာ နေ့တစ်နေ့ပင်ဖြစ်ကြောင်း၊ တရုတ်နှင့် အာဆီယံလူငယ်တွေ့ဆုံမှုကို အသိအမှတ်ပြုပါကြောင်း ဖိလစ်ပိုင်လူငယ်ကော်မရှင်၏ အမှုဆောင်အရာရှိနှင့်ဥက္ကဋ္ဌ ပေါလိုဘင်နီနိုအေအကွီနိုက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# မလက္ကာရေလက်ကြား လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ရေး အင်ဒိုနီးရှားနှင့်မလေးရှား ပူးတွဲကင်းလှည့်ရန်တိုက်တွန်း

ကွာလာလမ်ပူ စက်တင်ဘာ ၂၉

**ကမ္ဘာ့ရေကြောင်းသွားလာမှု အများဆုံးဖြစ်သော မလက္ကာရေလက်ကြား၌ ပင်လယ်ဓားပြတိုက်မှုများ နှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်ရေး မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ ရဲအဖွဲ့များအား တိုက်တွန်းနိုးဆော်ထားကြောင်း သိရသည်။**

မလေးရှား ပြည်တွင်းလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး အဗ္ဗဒူဟာလင်က မလေးရှားနိုင်ငံမြောက်ပိုင်း လန်ကာဝီ၌ ဗုဒ္ဓဟူးနေ့က ပြုလုပ်သော (၂၃)ကြိမ်မြောက် မလေးရှားနှင့် အင်ဒိုနီးရှား ရဲအဖွဲ့ ပူးတွဲလေ့ကျင့်ရေး၌ မိန့်ခွန်းပြောကြားရာတွင် ထိုသို့နိုးဆော်တိုက်တွန်းခဲ့ခြင်း ဖြစ်သည်။

**အရေးကြီး**

၎င်းကမိန့်ခွန်းပြောကြားရာ၌ အခြေအနေကိုကြည့်လျှင် ပူးတွဲကင်းလှည့်မှုများကို အထူးဆောင်ရွက်ရန် နှစ်နိုင်ငံစလုံးအတွက် အရေးကြီးကြောင်းနှင့် ရေလက်ကြားတစ်လျှောက် လုံခြုံရေးနှင့်ဆိုင်သော နောက်ဆုံးသတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ရန်အတွက် အစည်းအဝေးများ ပုံမှန်ကျင်းပရန် အရေးကြီးကြောင်း ပြောကြားသည်။

ပူးတွဲလေ့ကျင့်မှုသည် ပင်လယ်ရေကြောင်း အသိုင်းအဝိုင်းများအားလုံးအတွက် ငြိမ်းချမ်းစေရန်နှင့် အဆင်ပြေချောမွေ့စေရန် အရေးကြီးကြောင်းလည်း အဗ္ဗဒူဟာလင်မ်က ပြောကြားသည်။

နှစ်ရက်ကြာ ပူးတွဲလေ့ကျင့်မှုတွင် မလေးရှားရဲတပ်ဖွဲ့ဝင် ၂၆၈ ဦး၊ ကင်းလှည့်ရေယာဉ်အချို့နှင့် မလေးရှားရဲ ရဟတ်ယာဉ်တစ်စင်း၊ အင်ဒိုနီးရှား ရဲတပ်ဖွဲ့ဝင် ၉၇ဦးနှင့် အင်ဒိုနီးရှား ရဲရဟတ်ယာဉ်တစ်စင်းတို့ ပါဝင်ကြသည်။ **(အင်တာနက်)**

# ရုရှား ရေနံနှင့် ဓာတ်ငွေ့ လုပ်ကွက်၌ အိန္ဒိယရင်းနှီးမြှုပ်နှံ

နယူးဒေလီ စက်တင်ဘာ ၂၉

**အိန္ဒိယနိုင်ငံသည် စီမံကိန်းခန့်မှန်းခြေပြင်ဆင်ချက်တစ်ရပ်အနေဖြင့် ရုရှားနိုင်ငံ ဆာခါလင်ရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ကွက်အမှတ် ၁၌ အမေရိကန် ဒေါ်လာ ၁ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံရန် စီစဉ်ထားကြောင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ကော်ပိုရေးရှင်း(အိုအင်န်ဂျီစီ) တာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကား၍ အင်ဒိုအေရှန် သတင်းဌာနက ဗုဒ္ဓဟူးနေ့၌ သတင်းထုတ်ပြန်လိုက်သည်။**

၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလ၌ အိုအင်န်ဂျီစီသည် ၎င်း၏ ပင်လယ်ရပ်ခြား ရင်းနှီးမြှုပ်နှံရေးကုမ္ပဏီ အိုအင်န်ဂျီစီဗွီဒက်ရှ် လီမိတက်(အိုဗွီအယ်လ်)မှ တစ်ဆင့် ဆာခါလင် ၁လုပ်ကွက်၌ ၂၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံကြောင်း သိရသည်။ စီမံကိန်းခန့်မှန်းခြေ ပြင်ဆင်ချက် တစ်ရပ်အနေဖြင့် စီးပွားလုပ်ကိုင်ဖက်များဖြင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ကုန်ကျစရိတ်သည် သတ်မှတ်ချက်ထက်ကျော်သော်လည်း စုစုပေါင်း စီမံကိန်း ကုန်ကျစရိတ်မှာ အတူတူပင်ဖြစ်ကြောင်း အိုအင်န်ဂျီစီ ဥက္ကဋ္ဌနှင့် မန်နေဂျင်းဒါရိုက်တာ ဆူဘယ်ယာရာဟာက ပြောကြားသွားသည်။ **(အင်တာနက်)**

## တပ်ဆင်ထုတ်လုပ်

**ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တောင်ဘက် ဆန်တာရိုဆာမြို့ရှိ မော်တော်ယာဉ်စက်ရုံ၌ ဖိလစ်ပိုင်လုပ် ဂီယာဘောက်စ်များကို အင်ဂျင်နီယာတစ်ဦးက တပ်ဆင်ထုတ်လုပ်နေစဉ်။** (ယင်းဂီယာဘောက်စ်များသည် ထုတ်လုပ်မှု အကုန်အကျ သက်သာပြီး ဂျပန်နိုင်ငံ၌ ထုတ်လုပ်သည့် ဂီယာဘောက်စ်များ၏ အရည်အသွေးနှင့် အတူတူပင် ဖြစ်ကြောင်း တိုယိုတာက ကြေညာခဲ့သည်။)

**(ဓာတ်ပုံ-အင်တာနက်)**



# ဗီယက်နမ်တွင် ကမ္ဘာလှည့်ခရီးသွားများလာရောက်မှုတိုးတက် ယခုနှစ်တွင် ခရီးသွားလုပ်ငန်းမှ ဒေါ်လာငွေ ၂၅ ထရီလီယံရရှိမည်

ဟနွိုင်း စက်တင်ဘာ ၃၀

**ဗီယက်နမ်နိုင်ငံသို့ နိုင်ငံခြားခရီး သွားများလာရောက်မှုသည် ယခုနှစ် ပထမကိုးလတွင် ၂ ဒသမ ၁ သန်းရှိခဲ့ရာ နှစ်ချင်းအလိုက် တိုးတက်မှုအနေဖြင့် ၃၀ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း ဗီယက်နမ်နိုင်ငံအမျိုးသား ခရီးသွားလုပ်ငန်း စီမံခန့်ခွဲရေး(ဗွီအင်န်အေတီ)က ပြောကြားကြောင်း ဆင်ဟွာသတင်းက ဖော်ပြသည်။**

ဗီယက်နမ်သို့လာရောက်သည့် ကမ္ဘာ့လှည့်ခရီးသွား ဦးရေသည် ၁ ဒသမ ၁သန်းကျော်ထိ ၄၄ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ကာ စီးပွားရေးသမား ဧည့်သည် ၁၄ ဒသမ ၇ ရာခိုင်နှုန်းရှိပြီး ၃၇၄၀၀၊ ပြည်တွင်းသွားရောက် အလုပ်လုပ်ကိုင်ပြီး ဗီယက်နမ်ရှိ ဆွေမျိုးများထံ ပြန်အလည်အပတ်လာသူ ဗီယက်နမ်လူမျိုး ၃၆၄၀၀ ရှိပြီး ၂၈ဒသမ၃ ရာခိုင်နှုန်းရှိခဲ့သည်။

ယင်းကာလမှာပင် ဗီယက်နမ်နိုင်ငံသို့ လာရောက်ကြသည့် ကမ္ဘာ့လှည့်ခရီးသွား ဧည့်သည်များတွင် တရုတ်ပြည်မကြီးမှ ၅၈၅၀၀၀ ဖြစ်ပြီး ၃၃ ဒသမ ၃ ရာခိုင်နှုန်း၊ အမေရိကန်ပြည်ထောင်စုမှ ဧည့်သည် ၂၁၁၀၀၀ ဖြစ်ပြီး ၃၂ ဒသမ၆ ရာခိုင်နှုန်းနှင့် ထိုင်ဝမ်မှ ဧည့်သည် ၁၈၇၀၀၀ ရှိပြီး ၃၆ ဒသမ ၁ရာခိုင်နှုန်း အသီးသီးရောက်ရှိခဲ့ကြသည်။



ဗီယက်နမ်နိုင်ငံအနေဖြင့် ယခုနှစ်တွင် နိုင်ငံတကာမှ ခရီးသွား ဧည့်သည်များရောက်ရှိမှုကို ၂ ဒသမ ၇ သန်းနှင့် ၂ ဒသမ ၈ သန်းထိ လာရောက်မည်ဟု ခန့်မှန်းထားပြီး ၎င်းတို့ လာရောက်မှုကြောင့် ဗီယက်နမ် ဒေါ်လာငွေ ၂၅ ထရီလီယံ(အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ)နီးပါး ရရှိမည်ဟု မျှော်မှန်းထားသည်။

နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ ယခုကဲ့သို့ လာရောက်ပါက လာမည့်နှစ်တွင် ဗီယက်နမ်နိုင်ငံသို့ ခရီးသွားဧည့်သည် ၃သန်းမှ ၃ဒသမ ၅သန်းထိ လာရောက်မည်ဖြစ်ပြီး၊ ယင်းသို့လာရောက်မှုကြောင့် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံအထိရရှိလိမ့်မည်ဖြစ်ကြောင်း ဗွီအင်န်အေတီက ပြောကြားသည်။

ကမ္ဘာ့ခရီးသွားလာရေးနှင့် ခရီးသွားလုပ်ငန်းကောင်စီ၏ မကြာမီက ခန့်မှန်းချက်တစ်ရပ်အရ ဗီယက်နမ်နိုင်ငံသည် လာမည့် ၁၀ နှစ်တွင် ခရီးသွားလုပ်ငန်းတိုးတက်မှုမှာ ၈ ဒသမ ၃ ရာခိုင်နှုန်းအထိ တိုးတက်လာမည်ဖြစ်ကြောင်း၊ တရုတ်၊ အိန္ဒိယနှင့်မွန်တီနီဂရိုးတို့ပြီးလျှင် စတုတ္ထနေရာသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

**ဂျပန်နိုင်ငံ ဆူကူဘာမြို့ရှိ ခေတ်မီတိုးတက်သော စက်မှုလုပ်ငန်းနှင့် နည်းပညာအမျိုးသားတက္ကသိုလ်(အေအိုင်အက်စ်တီ)ကတီထွင်လိုက်သည့် အိပ်ချ်အာပီ-၂ လူသားစက်ရုပ်ကို ပြသရန်အတွက် စက်တင်ဘာ ၂၇ ရက်က ပြင်ဆင်မှုပြုလုပ်နေစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# အရည်အသွေးမီ အစားအစာများ မလေးရှားထုတ်လုပ်မည်

ကွာလာလမ်ပူ စက်တင်ဘာ ၃၀

**နိုင်ငံတကာအဆင့်မီ ပြည်တွင်း အစားအစာပို့ကုန်များ အဆင့်မြင့်မြင့်ထုတ်လုပ်ရန် မလေးရှားဝန်ကြီးတစ်ဦးက အင်္ဂါနေ့တွင် တိုက်တွန်းပြောကြားလိုက်သည်။**

စည်းမျဉ်း၊ စည်းကမ်းအသစ်များသည် နိုင်ငံတကာဈေးကွက်အပေါ် စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထုတ်လုပ်ပုံအဆင့်ဆင့်လေ့လာရန် လိုအပ်သော အစားအစာများကဲ့သို့ ပို့ကုန်များ ယင်းဈေးကွက်သို့ တင်ပို့နိုင်ပြီဖြစ်ကြောင်း နိုင်ငံတကာကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးရာဖီဒတ်အဇစ်က ကွာလာလမ်ပူမြို့၌ ကျင်းပသည့် အစားအစာထုတ်ကုန်ဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်၌ အထက်ပါအတိုင်း မှတ်ချက်ပြုပြောကြားလိုက်သည်။

ကောင်းသော ထုတ်လုပ်မှု အလေ့အထများ၊ ကျန်းမာရေးနှင့် ညီညွတ်မှု၊ တံဆိပ်တပ်ခြင်း၊ ထုပ်ပိုးခြင်းနှင့် အရည်အသွေးမီ အသိအမှတ်ပြုမှုများသည် အခြေခံလိုအပ်ချက်များဖြစ်ပြီး ထုတ်ကုန်များအောင်မြင်မှုရရှိရန် အဆင့်သို့ ရောက်ရှိမည်ဖြစ်ကြောင်း သူမက ပြောကြားသည်။

စားသုံးသူများသည် အဆိုပါထုတ်ကုန်ပစ္စည်းများ အရည်အသွေးအာမမခံလျှင်သော်လည်းကောင်း၊ နိုင်ငံတကာအဆင့်အတန်း မမီလျှင်လည်းကောင်း အစားအစာထုတ်ကုန်များကို သဘာဝကျစွာ လက်ခံလိမ့်မည်မဟုတ် ကြောင်း သူမက ပြောကြားသည်။

ဂျပန်နိုင်ငံသည် ၂၀၀၆ မေလမှစပြီး စိုက်ပျိုးရေးဆိုင်ရာ ဓာတုဗေဒပစ္စည်းများ သတ်မှတ်ထားသည်ထက် ပိုမိုပါဝင်သော အစားအစာများကို ဖြန့်ဝေမှုပိတ်ပင်ရန် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ယင်းတို့မှာ ပိုးသတ်ဆေးများ၊ ဆေးဝါးများနှင့် အစားအစာဖြည့်စွက်ပစ္စည်းများ ပါဝင်သော အစားအစာများဖြစ်ကြောင်း သူမက ဆက်လက်ပြောကြားသည်။ မလေးရှားနိုင်ငံ၏ ကုန်သွယ်မှုတွင် အစားအစာနှင့် အရက်မဟုတ်သော အဖျော်ယမကာများ တိုးတက်ကုန်သွယ်တင်ပို့လျက်ရှိရာ ယမန်နှစ်က မလေးရှား ရင်းဂစ် ၁၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၃ ဘီလီယံ)နှင့်အတူ ပို့ကုန်တန်ဖိုးမှာ ရင်းဂစ် ၅ဒသမ၃ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၉ ဘီလီယံ) တိုးတက်ခဲ့ကြောင်း သူမက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့၏နှစ်(၄၀)ပြည့်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့် စံပြရဲရွေးချယ်ခံရသောရဲတပ်ဖွဲ့ဝင်များအား စံပြရဲစလွယ်များပေးအပ်ချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၁

**၂၀၀၄ ခုနှစ် အောက်တိုဘာ၁ရက်တွင် ကျရောက်သည့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ နှစ်(၄၀)ပြည့်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် အုပ်ချုပ်မှုခန်းမဦကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ စံပြရဲရွေးချယ်ခံရသော ရဲတပ်ဖွဲ့ဝင်များအား စံပြရဲစလွယ်များ ပေးအပ်ချီးမြှင့်သည်။**

### တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ်ပြုပြင်ပြောင်းလဲရေး ကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထဲရေးဝန်ကြီး ဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ရဲချုပ်နှင့်ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရဲမှူးချုပ်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ စံပြရဲ ရွေးချယ်ခံရသော ရဲတပ်ဖွဲ့ဝင်များ၊ ပြည်ပအားကစားပြိုင်ပွဲများတွင် ထူးချွန် ဆုများရရှိခဲ့သော အားကစားသမားရဲတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင် မိသားစုများ နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။

### စံပြရဲစလွယ်ချီးမြှင့်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရဲအုပ်အဆင့် တွင် စံပြရဲအဖြစ်ရွေးချယ်ခံရသည့် အမှတ်(၁၁)ရဲတပ်ရင်းမှ ရဲအုပ် မြင့်ကျော်၊ ရဲအရာခံနှင့် ရဲတပ်ကြပ်ကြီး အဆင့်တွင် စံပြရဲအဖြစ်ရွေးချယ်ခံရသည့် အမှတ်(၆)ရဲတပ်ရင်းမှ ရဲတပ်ကြပ်ကြီး မျိုးထက်နိုင်၊ ရဲတပ်ကြပ် အဆင့်တွင် စံပြရဲအဖြစ်ရွေးချယ်ခံရသည့် အမှတ်(၁၅)ရဲတပ်ရင်းမှ ရဲတပ်ကြပ်နေဝင်းနှင့် ရဲဒုတပ်ကြပ်အဆင့်တွင် စံပြရဲအဖြစ်ရွေးချယ်ခံရသည့် အမှတ်(၁၅)ရဲတပ်ရင်းမှ ရဲဒုတပ်ကြပ် ဗိုလ်ဗိုလ်ဟန်တို့အား စံပြရဲစလွယ်များချီးမြှင့်သည်။

### ရာထူးတိုးခန့်အပ်လွှာပေးအပ်

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က မလေးရှားနိုင်ငံတွင်ကျင်းပခဲ့သည့် ဒုတိယအကြိမ် အာရှပတ်လည် မြားပစ် ပြိုင်ပွဲ၌ ရွှေတံဆိပ်တစ်ဆုနှင့် ဂရိနိုင်ငံ အေသင်မြို့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ အိုလံပစ်အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဌာနချုပ်မှ မြားပစ်ထူးချွန်အားကစားသမား ဒုရဲအုပ်သင်းသင်းခိုင်၊ ဗီယက်နမ် နိုင်ငံတွင် ကျင်းပခဲ့သည့် (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲ၌ ငွေတံဆိပ်တစ်ဆုရရှိသော ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှ စားပွဲတင်တင်းနစ် ထူးချွန်အားကစားသမား ဒုရဲအုပ် တင်တင်သန်း၊ ဗီယက်နမ်နိုင်ငံတွင် ကျင်းပ ခဲ့သည့် (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ငွေတံဆိပ် တစ်ဆုရရှိသော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်မှ ဘောလုံးထူးချွန် အားကစား သမား ဒုရဲအုပ်စန်းစန်းကြူနှင့် ဗီယက်နမ်နိုင်ငံတွင်ကျင်းပခဲ့သည့် (၂၂)ကြိမ် မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ငွေတံဆိပ်တစ်ဆုနှင့် ကြေး တံဆိပ်တစ်ဆုရရှိပြီး (၆၆)ကြိမ်မြောက် စင်ကာပူတံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲ တွင် ရွှေတံဆိပ်သုံးဆုရရှိခဲ့သော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ပြေးခုန်ပစ် ထူးချွန်အားကစားသမား ရဲအရာခံကေခိုင်လွင်တို့အား တစ်ဆင့်မြင့် ရာထူးတိုး ခန့်အပ်လွှာတို့ကို ပေးအပ်ချီးမြှင့်ပြီး နံနက်ပိုင်းတွင် အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင်အသုံးပြုမည့် ရှေ့ပြေးယာဉ်များကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာ သွားသည်။ **(သတင်းစဉ်)**



**စံပြရဲစလွယ်ချီးမြှင့်**

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြည်ထဲရေးဝန်ကြီး ဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ နှစ်(၄၀)ပြည့်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ရဲအုပ်အဆင့် စံပြရဲအဖြစ် ရွေးချယ်ခံရသည့် အမှတ် (၁၁) ရဲတပ်ရင်းမှ ရဲအုပ်မြင့်ကျော်အား စံပြရဲစလွယ်ချီးမြှင့်စဉ်။**
(သတင်းစဉ်)



**ရှေ့ပြေးယာဉ်များ ကြည့်ရှုစစ်ဆေး**

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ နှစ်(၄၀) ပြည့်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုမည့် ရှေ့ပြေးယာဉ် များကို ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)



**တစ်ဆင့်မြင့်ရာထူးတိုး ခန့်အပ်လွှာပေးအပ်**

**ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ နှစ်(၄၀)ပြည့်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ထူးချွန်အားကစားသမားများအား တစ်ဆင့်မြင့်ရာထူးတိုးခန့်အပ်လွှာ ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

## လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- ✻ သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
- ✻ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံးလိုအပ်သော လျှပ်စစ်ဓာတ်အားကိုသုံးစွဲပါ။
- ✻ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
- ✻ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

**ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ် ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။**




နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မူပိုင်ခွင့်စနစ်(Intellectual Property System) ဖြစ်ထွန်းရေးဆိုင်ရာ ဦးဆောင်ကော်မတီအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

# ကြွယ်ဝစွာရှိနေသောမြန်မာ့မျိုးရင်းပစ္စည်းများ မူပိုင်အဖြစ်သတ်မှတ်ကာကွယ်ပေးရန်လိုအပ်

မြန်မာနိုင်ငံဒေသအနှံ့တည်ရှိနေသော ရှားပါးသစ်ပင်၊ တိရစ္ဆာန်၊ ရုပ်ဝတ္ထုပစ္စည်းများ၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတပစ္စည်းများအပါအဝင် တန်ဖိုးမဖြတ်နိုင်သည့် သက်ရှိသက်မဲ့ရုပ်ဝတ္ထုပစ္စည်းများနှင့် နိုင်ငံတကာ၌မရှိသော ရှားပါးရေသတ္တဝါ၊ ကုန်းသတ္တဝါစသည့် မြန်မာ့မျိုးရင်းပစ္စည်းများ၊ သစ်တော၊ သတ္တုစသည့် သယံဇာတပစ္စည်းများသည် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနယ်ပယ်စုံ၌ ကြွယ်ဝစွာတည်ရှိနေရာ ယင်းတို့ကို မူပိုင်အဖြစ် သတ်မှတ်ကာကွယ်ပေးထားရန် လိုအပ်သည်။

● *ကျောဖုံးမှ*

အစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆွေးနွေးမှာကြားရာတွင် မြန်မာနိုင်ငံအတွင်း မူပိုင်ခွင့်စနစ်(Intellectual Property System) တစ်ရပ် ဖြစ်ထွန်းစေရေးအတွက် လွန်ခဲ့သည့် ဆယ်နှစ်ခန့်က စတင်အစပျိုး ဆောင်ရွက်ခဲ့ကြသော်လည်း ပီပြင်သည့် စနစ်တစ်ရပ် ဖြစ်ထွန်းလာခြင်း မရှိသေးကြောင်း။

မူပိုင်ခွင့်စနစ်တစ်ရပ် ဖြစ်ထွန်းရေးသည် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍအသီးသီး၏ အကျိုးစီးပွားဖြစ်ထွန်းစေရေး၊ ကာကွယ်စောင့်ရှောက်နိုင်ရေးတို့အတွက် ရှိသင့်ရှိအပ်သည့် လိုအပ်ချက်တစ်ရပ်ပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မိမိတို့မျိုးရိုးပင်ရင်းဖြစ်သော အဖိုးထိုက်တန်သည့် သစ်ပင်ပန်းမန်များ၊ ရှားပါးသည့် တိရစ္ဆာန်များ၊ တန်ဖိုးမဖြတ်နိုင်သည့် သက်ရှိသက်မဲ့ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်ရှိပစ္စည်းများနှင့် တီထွင်ကြံဆဆောင်ရွက်ထားသည့် ပစ္စည်းများ၊ တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းယဉ်ကျေးမှု ပစ္စည်းများစသည်ဖြင့် မြောက်မြားစွာ ရှိနေကြောင်း။

**မူပိုင်အဖြစ်ကာကွယ်**

သာဓကအားဖြင့် ပြောရလျှင် မြန်မာနိုင်ငံဒေသအနှံ့တည်ရှိနေသော ရှားပါးသစ်ပင်၊ တိရစ္ဆာန်၊ ရုပ်ဝတ္ထုပစ္စည်းများ၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတပစ္စည်းများအပါအဝင် တန်ဖိုးမဖြတ်နိုင်သည့် သက်ရှိသက်မဲ့ ရုပ်ဝတ္ထုပစ္စည်းများနှင့် နိုင်ငံတကာ၌မရှိသော ရှားပါး ရေသတ္တဝါ၊ ကုန်းသတ္တဝါစသည့် မြန်မာ့မျိုးရင်းပစ္စည်းများ၊ သစ်တော သတ္တုစသည့် သယံဇာတပစ္စည်းများသည် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနယ်ပယ်စုံ၌ ကြွယ်ဝစွာ တည်ရှိနေရာ ယင်းတို့ကို မူပိုင်အဖြစ် သတ်မှတ်ကာကွယ်ပေးထားရန်လိုကြောင်း။

နိုင်ငံတကာတွင် World Intellectual Property Organization (WIPO) အဖွဲ့အစည်းကြီး ရှိထားပြီးဖြစ်ရာ လွန်ခဲ့သည့် ဖွန်လအတွင်းက ဉာဏပစ္စည်းမူပိုင်ခွင့်နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို WIPO အဖွဲ့က ဦးစီးပြီး မြန်မာနိုင်ငံ၌ လာရောက်ကျင်းပပေးခဲ့ပြီးဖြစ်ကြောင်း။

**စီမံဆောင်ရွက်**

WIPO အဖွဲ့အစည်းကြီးနှင့် နိုင်ငံတကာ ဉာဏပစ္စည်းမူပိုင်ခွင့်ကျင့်ဝတ်စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများ လိုက်လျောညီထွေစွာ မိမိတို့ မြန်မာနိုင်ငံအတွင်း၌လည်း Intellectual Property System တစ်ရပ် ဖြစ်ထွန်းလာစေရေးအတွက် စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ လိုအပ်သည့် ဥပဒေများပြဋ္ဌာန်းခြင်း၊ တည်ဆဲဥပဒေများ လုပ်ထုံးလုပ်နည်းများကို ခေတ်ကာလနှင့် လျော်ညီအောင် ပြင်ဆင်ခြင်း၊ မူပိုင်ခွင့်ဆိုင်ရာ ရုံးအဖွဲ့အစည်းတစ်ရပ်ထူထောင်ခြင်း၊ ဝန်ထမ်းများ လေ့ကျင့်ပေးခြင်း၊ ဥပဒေနှင့်မညီညွတ်သည်များကို အရေးယူဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ခြင်းစသည့် လုပ်ငန်းအဆင့်ဆင့်ကို စနစ်တကျ စီစဉ်ဆောင်ရွက်ကြရန် လိုကြောင်း။

**ဆွေးနွေးတင်ပြ**

သို့ဖြစ်၍ မြန်မာနိုင်ငံတော်အတွင်း မူပိုင်ပြုလုပ်ရမည့် သက်ရှိသက်မဲ့ ရုပ်ဝတ္ထုပစ္စည်းဆိုင်ရာ မူပိုင်ခွင့်စနစ်တစ်ရပ် ပီပြင်စနစ်ကျစွာ ဖြစ်ထွန်းလာစေရေးအတွက် စီမံဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဝန်ကြီးဌာနအသီးသီး၏ ပူးပေါင်းပါဝင်မှုဖြင့် ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်နိုင်စေရအောင် ယနေ့အစည်းအဝေးတွင် ဆွေးနွေးတင်ပြကြရန် ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်းက မူပိုင်ခွင့်စနစ် ဖြစ်ထွန်းရေးအတွက် ဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ကမ္ဘာ့မူပိုင်ခွင့်ဆိုင်ရာ အဖွဲ့အစည်းနှင့် ဆက်သွယ်ဆောင်ရွက်မှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာချမ်းငြိမ်းက မူပိုင်ခွင့်စနစ်နှင့် သက်ဆိုင်သည့် မူဝါဒရေးရာများနှင့် ဥပဒေမူကြမ်းရေးဆွဲရေးအတွက် ဆောင်ရွက်ထားသည့် လုပ်ငန်းများ၊ မူပိုင်ခွင့်စနစ် ဖြစ်ထွန်းရေးအတွက် အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာကျင်းပခဲ့မှု၊ ဝန်ထမ်းအဖွဲ့အစည်း ဖွဲ့စည်းရေး၊ ကမ္ဘာ့မူပိုင်ခွင့်ဆိုင်ရာအဖွဲ့၏ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သွားမည့် အစီအစဉ်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့် ဒုတိယဝန်ကြီးများက မူပိုင်ခွင့်စနစ် ဖြစ်ထွန်းရေးအတွက် ရုံးအဖွဲ့ ဖွဲ့စည်းရေး၊ နိုင်ငံတကာ ဥပဒေပြဋ္ဌာန်းချက်များကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာ၍ လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းရေး၊ မူပိုင်ခွင့်နှင့်ပတ်သက်၍ ပြည်သူများ အသိပညာ ဗဟုသုတ ပြည့်စုံရေး၊ မှတ်ပုံတင်ရေးနှင့် အကာအကွယ်ပေးရေးစသည်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပြန်လည်ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**



# ၂၀၀၅ ခုနှစ်မြန်မာနှစ်သစ်ကူးအတာသင်္ကြန် မဲခေါင်ဒေသနိုင်ငံများပါဝင်ဆင်နွှဲရေးစည်းဝေး

**ရန်ကုန် အောက်တိုဘာ ၁**

ခရီးသွားကဏ္ဍမြှင့်တင်ရေးအနေဖြင့် ၂၀၀၅ခုနှစ် မြန်မာနှစ်သစ်ကူးအတာသင်္ကြန်တွင် မဲခေါင်ဒေသ နိုင်ငံများမှ ပါဝင်ဆင်နွှဲနိုင်ရေးအစည်းအဝေးကို စက်တင်ဘာ ၂၈ရက်က ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမတွင်ပြုလုပ်ရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်**(အပေါ်ပုံ)** တက်ရောက် အမှာစကားပြောကြားပြီး အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ မဲခေါင်ဒေသ အဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများနှင့်တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**



ဘရူနိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် အာဆီယံနိုင်ငံများမှ ကျောင်းသားကျောင်းသူများ၏ ASEAN QUIZ ဒေသအဆင့်ပြိုင်ပွဲတွင် ရရှိခဲ့သော ပထမဆုနှင့် အခြားဆုများကို တွေ့ရစဉ်။ (သတင်းစဉ်)

# ASEAN QUIZ ဒေသအဆင့်ပြိုင်ပွဲ သွားရောက်ယှဉ်ပြိုင်ခဲ့သည့်အဖွဲ့ပြန်လည်ရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၁**

၂၀၀၄ခုနှစ် စက်တင်ဘာ ၂၅ရက် မှ ၂၉ရက်အထိ ဘရူနိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် အာဆီယံနိုင်ငံများမှ ကျောင်းသားကျောင်းသူများ၏ ASEAN QUIZ ဒေသအဆင့်ပြိုင်ပွဲသို့သွားရောက်ယှဉ်ပြိုင်ခဲ့သော ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေး ပညာဌာနမှ ကထိကဒေါ်ချောချောစိန် ဦးစီးသည့် အဖွဲ့သည် စက်တင်ဘာ ၂၉ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါ ASEAN QUIZ ပြိုင်ပွဲတွင် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ပဲခူးမှ မောင်ရဲဝင်းထွန်း၊ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းမှ မောင်အောင်သန်းတိုးနှင့် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဒဂုံမြို့နယ်မှ မဆုဝင်းထိုက်တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ အုပ်စုလိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မောင်ရဲဝင်းထွန်းသည် စင်ကာပူ၊ အင်ဒိုနီးရှား၊ ထိုင်းနှင့်မလေးရှားနိုင်ငံတို့မှ ကျောင်းသား ကျောင်းသူများနှင့် အတူပထမဆုကိုရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကွက်ကျားမိုး**

**ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့နေရာ ကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။**

# ၂၀၀၄ ခုနှစ်အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနား နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်

## ဂုဏ်ပြုခံအဘိုး၊ အဘွားများအား ဂါရဝပြုလက်ဆောင်ပစ္စည်း၊ ဆေးဝါးနှင့်အလှူငွေများပေးအပ်



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် အောက်တိုဘာ ၁

**၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ(IBC)၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်ပြီး ဂုဏ်ပြုခံ အဘိုး အဘွားများအား ဂါရဝပြု လက်ဆောင်ပစ္စည်း၊ ဆေးဝါးများနှင့် အလှူငွေများ ပေးအပ်သည်။**

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များအဖွဲ့ ခေတ္တနာယက ဖိလစ်ပိုင်နိုင်ငံ သံအမတ်ကြီး H.E. Mme Phoebe A.Gomez နှင့် သံတမန်များ၊ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများ၊ အလှူရှင်များ၊ ဂုဏ်ပြုခံ အဘိုး အဘွားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဘိုးဘွားဦးရေများလာ

အခမ်းအနားတွင် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အမှာစကားပြောကြားရာ၌ မြန်မာတို့၏ လူ့ဘောင်အဖွဲ့အစည်းမှာ သားသမီးမြေးမြစ်များသည် ဘိုးဘွားများနှင့်အတူ တစ်အိမ်တည်းမှာ ပျော်ရွှင်ချမ်းမြေ့စွာနှင့်နေထိုင်ကြပြီး တစ်ဦးနှင့်တစ်ဦး သဟဇာတညီညွတ်စွာ နေထိုင်ခဲ့သည့်အစဉ်အလာသည် ယနေ့တိုင်အောင် ရှင်သန်လျက်ရှိကြောင်း၊ အဘိုးအဘွားများက သားသမီးမြေးမြစ်များ၏ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးအသိပညာများကို မိမိတို့၏ဘဝအတွေ့အကြုံများနှင့်ယှဉ်ပြီး အသိပညာပေး ဆုံးမသည်မှာလည်း မြန်မာတို့၏ ချစ်စရာဓလေ့စရိုက်အဖြစ် ယနေ့တိုင်တွေ့မြင်နိုင်ကြကြောင်း၊ အဘိုးအဘွားများက မိမိတို့ဘဝတစ်လျှောက်စုဆောင်းရရှိလာသည့် စီးပွားဥစ္စာများကို အမွေအနှစ်အဖြစ်နှင့် သားသမီးများ၊ မြေးမြစ်များကိုခွဲဝေပေးခြင်းဖြင့် သားသမီးမြေးမြစ်များ၏ မျက်မှောက်အကျိုးစီးပွားကို ဖော်ဆောင်ပေးသကဲ့သို့ သားသမီးမြေးမြစ်များကလည်း ဘိုးဘွားများကို အိမ်ဦးခန်းမှာထားပြီး လိုလေသေးမရှိအောင် ကျွေးမွေးဆပ်ပြီးစောင့်ရှောက်ပေးကြသည်မှာ အစဉ်အလာကြီးမားနေဆဲဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၌ ဘိုးဘွားဦးရေ အထိုက်အလျောက်တိုးပွားလာသော်လည်း ဘိုးဘွားများကို စောင့်ရှောက်ပေးရေးနှင့် ပတ်သက်၍ ပြဿနာတစ်ရပ်အနေနှင့် ပေါ်ပေါက်ခြင်းမရှိသေးတာဖြစ်ကြောင်း။ သို့သော်လည်း ကမ္ဘာပေါ်ရှိနိုင်ငံများ၌ ဘိုးဘွားဦးရေသိသိသာသာ တိုးတက်များပြားလာသောကြောင့်တစ်ကြောင်း၊ များပြားလာသည့်ဘိုးဘွားများကို ပြုစုစောင့်ရှောက်မည့်သူ မရှိတာကြောင့်တစ်ကြောင်း ဘိုးဘွားများကို မစောင့်ရှောက်နိုင်သည့် ပြဿနာပေါ်ပေါက်နေကြောင်း သိရှိရကြောင်း။

### ပူးပေါင်းဖြေရှင်း

မြန်မာနိုင်ငံအနေနှင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ ၁၉၉၉ ခုနှစ်မှစပြီး အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို ရည်ရွယ်ချက်များနှင့်အညီ စတင်ကျင်းပလာခဲ့သည်မှာ ဒီနှစ်မှာ ဆဋ္ဌမအကြိမ်မြောက်ရှိလာပြီဖြစ်ကြောင်း၊ ၁၉၉၁ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်နေ့မှာ ကျင်းပပြုလုပ်သည့် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီး၏ ဆုံးဖြတ်ချက်အမှတ် (၄၆/၉၁) ဖြင့် သက်ကြီးရွယ်အိုများဆိုင်ရာ အခြေခံမူ(၅)ချက်ကိုချမှတ်ခဲ့ကြောင်း၊ ယင်းအခြေခံမူများမှာ ဘိုးဘွားများ အမှီခိုကင်းစွာနေထိုင်ရေး၊ ပါဝင်ဆောင်ရွက်ရေး၊ စောင့်ရှောက်မှုရရှိရေး၊ ကိုယ်တိုင်ဖြည့်ဆည်းခွင့် ရရှိရေးနှင့် ဂုဏ်သိက္ခာရှိစွာနေထိုင်ခွင့်ရရှိစေရေးတို့ဖြစ်ကြောင်း၊ ယင်းအချက်များကို လေ့လာလျှင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ကမ္ဘာတစ်ဝန်းရှိ အဘိုးအဘွားများအတွက် သာယာချမ်းမြေ့သည့် ပတ်ဝန်းကျင်ကောင်းရရှိစေဖို့၊ ချမ်းမြေ့စွာနေထိုင်နိုင်စေဖို့ ရည်ရွယ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း ထင်ရှားပေါ်လွင်နေကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ပေးသဖြင့် နိုင်ငံအသီးသီးမှာရှိသည့် နိုင်ငံသားအားလုံးသည် ကမ္ဘာပေါ်မှာဖြစ်ပေါ်နေသည့် ဘိုးဘွားများ၏ ပြဿနာကို သိရှိနားလည်ပြီး နိုင်ငံအချင်းချင်း ပူးပေါင်းအဖြေရှာကာ ပြဿနာကို ဖြေရှင်းနေကြကြောင်း၊ ယင်းကဲ့သို့ပင် အာဆီယံနိုင်ငံများကလည်း အသင်းဝင်နိုင်ငံများအချင်းချင်း ပူးပေါင်းညှိနှိုင်းပြီး သက်ကြီးရွယ်အိုများအတွက် ဆောင်ရွက်ပေးနိုင်သည်များကို မျှဝေပေးခြင်း၊ အတွေ့အကြုံများကိုဖလှယ်ခြင်း၊ ငွေကြေးနှင့် အတတ်ပညာများ ပံ့ပိုးကူညီမှုများပေးခြင်းစသည်များကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြကြောင်း၊ ထို့အပြင် အာဆီယံ+၃ နိုင်ငံများအနေနှင့်လည်း ဘိုးဘွားပြဿနာကို ပူးပေါင်းဖြေရှင်းနေသည်ကို တွေ့ရှိနိုင်ကြောင်း။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ဦးဆောင်မှုနှင့် ဆုံးဖြတ်ချက်များအရ "အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့" (International Day of Older Persons ) အခမ်းအနားကို အစဉ်အလာမပျက် ကျင်းပရာမှာ ရည်ရွယ်ချက်သုံးခုဖြစ်သည့် "သက်ရွယ်စုံညီ လူ့ဘောင်ဆီသို့" ( Towards a Society for All Ages ) ဆိုသည့် ဆောင်ပုဒ်နှင့်အညီ သက်ကြီးရွယ်အိုများ၏ အခြေအနေကို ပြည်သူအများ သတိပြုမိစေဖို့ သက်ကြီးရွယ်အိုများအတွက် ရေးရှ

ဆောင်ရွက်ရမည့် ဦးစားပေးလုပ်ငန်းများနှင့် အစီအစဉ်များကို တိုးတက်ဆောင်ရွက်ဖို့နှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ သတင်းဖြန့်ချိသူများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် လူငယ်များက သက်ကြီးရွယ်အိုစောင့်ရှောက်ရေး လုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်လာစေဖို့ဆိုသည့် ရည်ရွယ်ချက်များ အောင်မြင်အောင် ပြည်သူတစ်ရပ်လုံး ပါဝင်ကြိုးပမ်းသွားကြပါလို့ တိုက်တွန်းပြောကြားလိုကြောင်း။



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားတွင် ဂုဏ်ပြုခံအဘိုးအဘွားများအား ဂါရဝပြုလက်ဆောင်ပစ္စည်း၊ ဆေးဝါးနှင့် အလှူငွေများပေးအပ်စဉ်။ (သတင်းစဉ်)

### စားဝတ်နေရေးဖြည့်ဆည်းပေး

သက်ကြီးရွယ်အိုများ၏ဘဝ အမြဲရှင်သန်နုပျိုစေရန် လူငယ်လူရွယ်များက ကူညီပံ့ပိုးပေးဖို့ လိုအပ်သကဲ့သို့ ဘိုးဘွားများ၏ အသက်အရွယ်အရ ရရှိခဲ့ကြသည့် ဘဝအတွေ့အကြုံ ဗဟုသုတများကို တန်ဖိုးထားပြီး အားလုံးက ရယူထိန်းသိမ်းကြဖို့ အထူးအရေးကြီးကြောင်း၊ လူငယ်လူရွယ်များက ရရှိသော လက်ဆင့်ကမ်းအမွေကို နိုင်ငံတော်အတွက် အကျိုးရှိရှိ အသုံးချသွားကြဖို့ကိုလည်း တိုက်တွန်းမှာကြားလိုကြောင်း။

မြန်မာနိုင်ငံ၏ လူဦးရေ ၅၃ ဒသမ ၂ သန်းကျော်အနက် အသက်(၆၀)နှင့်အထက် ဘိုးဘွားဦးရေ ၄ ဒသမ ၃ သန်းခန့်ရှိသဖြင့် တစ်နိုင်ငံလုံးရှိ လူဦးရေ၏ ၈ ဒသမ ၁၂ ရာခိုင်နှုန်းခန့်ဖြစ်ကြောင်း၊ ယခင်နှစ် ဘိုးဘွားဦးရေနှင့်ကြည့်လျှင် အနည်းငယ်များလာသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ နိုင်ငံအတွင်းမှာလည်း လူမှုရေးစိတ်ဓာတ်ရှိသည့် စီးပွားရေး လုပ်ငန်းရှင်များသည် ဘိုးဘွားရိပ်သာများကို ထူထောင်ပြီး ပြုစုစောင့်ရှောက်ရန်လိုအပ်သည့် ဘိုးဘွား



ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့် ၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားတွင် ဂုဏ်ပြုခံ အဘိုးအဘွားများအား ဂါရဝပြု လက်ဆောင်ပစ္စည်း၊ ဆေးဝါးနှင့် အလှူငွေများပေးအပ်စဉ်။ (သတင်းစဉ်)

# လက်ဆောင်ပစ္စည်း၊ ဆေးဝါးနှင့် အလှူငွေများပေးအပ်

**နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး ဂုဏ်ပြုခံ အဘိုးအဘွားများအား ဂါရဝပြု လက်ဆောင်ပစ္စည်း၊ ဆေးဝါးနှင့် အလှူငွေများ ပေးအပ်စဉ်။**

(သတင်းစဉ်)



များကို ပြုစုစောင့်ရှောက်နေကြကြောင်း၊ နိုင်ငံတော်အစိုးရအနေနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနကို ဘိုးဘွားများအတွက် လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးရန်နှင့် အခြားလူမှုရေးအရ စောင့်ရှောက်မှု လိုအပ်သည့်သူများအားလုံးအတွက် စားဝတ်နေရေး လိုအပ်ချက်များကို ဆောင်ရွက်ပေးစေရန် ဖွဲ့စည်းပေးခဲ့ကြောင်း။

ယနေ့ မြန်မာနိုင်ငံ၌ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက တည်ထောင်ထားသည့် ဘိုးဘွားရိပ်သာများအနက် စည်းမျဉ်းမူဘောင်နှင့် ညီညွတ်ပြီး လျှောက်ထားလာသည့် ဘိုးဘွားရိပ်သာ ၄၁ ခုကို ထောက်ပံ့မှုများပေးရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ ၂၀၀၃- ၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ဘိုးဘွားရိပ်သာ ၃၉ ခုကို ငွေကျပ် သိန်းပေါင်း ၁၀၉ ဒသမ ၂ သိန်း ထောက်ပံ့ခဲ့ကြောင်း။

## ငွေပဒေသာပင်လှူဒါန်း

ထို့အပြင် ယနေ့ကျင်းပသည့် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အခမ်းအနား၌ အသက်(၈၀)နှစ်အထက် ရွေးချယ်ထားသည့် ဘိုးဘွားပေါင်း ၅၀ ကို တစ်ဦးလျှင် ငွေကျပ်ခြောက်သောင်းစီနှင့် ဆေးဝါးပစ္စည်းများကို ဂုဏ်ပြုချီးမြှင့်မှာဖြစ်ကြောင်း၊ အလားတူပင် ပြည်နယ်နှင့်တိုင်း အသီးသီး၌လည်း အသက်အကြီးဆုံး အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးစီ၊ ပြည်နယ်နှင့်တိုင်းအလိုက် ရွေးချယ်ခံအသက်(၈၀)ကျော် ဘိုးဘွားတစ်ဦးစီတို့ကိုလည်း ချီးမြှင့်ငွေနှင့် ဆေးဝါးပစ္စည်းများ လှူဒါန်းမှာဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်း အသီးသီးရှိ ဘိုးဘွားရိပ်သာများသို့ ငွေပဒေသာပင်နှင့် ဆေးဝါးပစ္စည်းများကို ပေးပို့လှူဒါန်းသွားမှဖြစ်သကဲ့သို့ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အကြိုလှုပ်ရှားမှုအနေနှင့် ရန်ကုန်တိုင်းအတွင်းမှာရှိသည့် ဘိုးဘွားရိပ်သာ ခုနစ်ခုကို ငွေပဒေသာပင်နှင့် ဆေးဝါးပစ္စည်းများကို တာဝန်ရှိသူများက သွားရောက်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း။

## အားရကျေနပ်မိ

ဒီနှစ်မှာ မူလလူမှုရေးအသင်းအဖွဲ့များအပြင် ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတစ်ခုဖြစ်သည့် ကင်ဆာဖောင်ဒေးရှင်းက ကင်ဆာဝေဒနာရှင်များအတွက် ဆောင်ရွက်ပေးနေသည့် အလှူရှင် ဆရာကြီးဦးလှထွန်းကိုလည်း ဂုဏ်ပြုမှာဖြစ်၍ အားရကျေနပ်မိကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ သက်ကြီးရွယ်အို အဘိုးအဘွားများအားလုံး ပြည်သူများနည်းတူ နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှု၊ သာယာဝပြောမှု၊ ဖွံ့ဖြိုးတိုးတက်မှုစသည့် အကျိုးတရားများကို စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ပြည့်ဝစွာခံစားရရှိနိုင်အောင် တစ်မျိုးသားလုံးက ကြိုးပမ်းဆောင်ရွက်သွားကြပါ၊ ဘိုးဘွားများ၏အတွေ့အကြုံ ဗဟုသုတများကို လူငယ်လူရွယ်များက ရယူထိန်းသိမ်းပြီး နိုင်ငံတော်ကြီးကို တည်ဆောက်ရေးမှာ အသုံးချကာ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပေးကြပါ၊ မြန်မာ့လူ့ဘောင်မှာ ဘိုးဘွားများကို အိမ်ဦးခန်းမှာထားပြီး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာခြင်းနှင့် ပြည့်စုံအောင် စောင့်ရှောက်ပေးနေသည့် မြတ်နိုးဖွယ် မြန်မာ့ဓလေ့စရိုက်ကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြပါဟု တိုက်တွန်းမှာကြားရင်း ဘိုးဘွားများအားလုံးကို ဂါရဝပြုကာ နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

## လက်ဆောင်ပစ္စည်းပေး

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံးတို့မှ အသက်(၈၀)နှစ်နှင့်အထက် ဂုဏ်ပြုခံ ဘိုးဘွားများအား ဂါရဝပြု လက်ဆောင်ပစ္စည်း၊ ဆေးဝါးနှင့် အလှူငွေများပေးအပ်ခြင်းအစီအစဉ်ကို ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဂုဏ်ပြုခံအဘိုးအဘွားများဖြစ်သည့် ဗိုလ်မှူးချုပ်ခင်အုန်း(အငြိမ်းစား)(ရာမညကိုကိုနိုင်)၊ ဦးသော်ဇင်(သီဟဗလသော်ဇင်)၊ ဦးခင်သန်း(ခင်သိန်းကျော်)၊ ဦးရွှေဒေါင်းညို(ရွှေဒေါင်းညို)၊ ဦးဘကလေး(ကာတွန်းဦးဗကလေး)၊ ဒေါ်သိန်းဆိုင်(မမြတ်လေး)၊ ဒေါ်နုယဉ်(နုယဉ်)၊ ဦးအုံးဖေ(ပခုက္ကူဦးအုံးဖေ)၊ ပန်းပုဆရာကြီးဦးလွင်၊ ဦးစိန်အောင်မင်း(ဝဏ္ဏကျော်ထင်စိန်အောင်မင်း)၊ ဒေါ်ကြန်(မကြန်)၊ ဒေါ်မေနွဲ့နှင့် ဒိုင်ဗင်တင်လှတို့အား ဂါရဝပြုလက်ဆောင်ပစ္စည်း၊ ဆေးဝါးပစ္စည်း ၃၃ မျိုးနှင့် အလှူငွေကျပ်ခြောက်သောင်းစီတို့ကို ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ဦးထိန်လင်း၊ ဂါဒီယန်ဦးစိန်ဝင်း၊ သခင်လှကွန်း(မိုးညို)၊ ဦးကျော်ဆန်း(သုခိအောင်)၊ ဦးလှကြိုင်(ပါရဂူ)၊ ဗိုလ်မှူးကြီးစောမြင့်(အငြိမ်းစား)(မှူးသမိန်)၊ ဦးကျော်ဝင်း(ညိုဝင်း)၊ ဒေါ်အုန်းကြည်၊ ဦးမြင့်စိုး၊ ဦးသာဒင်၊ ဦးစိန်လှမြိုင်၊ ဦးလေးမြိုင် (လေးမြိုင်)နှင့် ဦးလှမြိုင် (ကိုဆောင်း)တို့အား ဂါရဝပြုလက်ဆောင်ပစ္စည်း၊ ဆေးဝါးပစ္စည်း ၃၃ မျိုးနှင့်အလှူငွေ ကျပ် ခြောက်သောင်းစီတို့ကို ပေးအပ်သည်။

## အလှူငွေပေးအပ်

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ဝဏ္ဏကျော်ထင်ဦးစိန်မြမောင်၊ ပန်းချီဆရာကြီးဦးသုခ၊ ဦးလှထွန်း(ထွန်းဖောင်ဒေးရှင်း)၊ နတ်မောက်ဘုန်းကျော်၊ ဒေါ်ရင်ရင်(စောမုံညင်း)၊ ဘင်ဂျိုဦးမောင်မောင်၊ ဦးတင်ယု၊ ဗိုလ်မှူးထွန်းငြိမ်း(အငြိမ်းစား)၊ ဦးဘတုတ်၊ ဦးတင်ညွန့်၊ ပန်းထိမ်ပညာရှင်ဆရာကြီးဦးမို၊ ဒေါ်အောင်သန်းတင်နှင့် ဗိုလ်ကလေးဦးတင့်အောင်တို့အား ဂါရဝပြုလက်ဆောင်ပစ္စည်း၊ ဆေးဝါးပစ္စည်း ၃၃ မျိုးနှင့် အလှူငွေကျပ် ခြောက်သောင်းစီတို့ကို ပေးအပ်သည်။

## အလှူငွေပေးအပ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အခမ်းအနားသို့ တက်ရောက်လာကြသော အဘိုးအဘွားများနှင့် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

ယင်းနောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ရန်ကုန်တိုင်းအတွင်းရှိ ဘိုးဘွားရိပ်သာများရှိ အဘိုးအဘွားများအား အလှူငွေများပေးအပ်ရာ နှင်းဆီကုန်း ဘိုးဘွားရိပ်သာအတွက် ငွေကျပ် ၂၂၂၀၀၀၊ သီလရှင်ကလေးများ ဘိုးဘွားရိပ်သာအတွက် ငွေကျပ် ၁၆၈၀၀၀၊ ရွှေသံလွင် ဘိုးဘွားရိပ်သာအတွက် ငွေကျပ် ၉၂၀၀၀၊ မူဆလင် သက်ကြီးဘိုးဘွား ရိပ်သာအတွက် ငွေကျပ် ၅၂၀၀၀၊ ဖွားသုခဘိုးဘွားရိပ်သာအတွက် ငွေကျပ် ၄၇၀၀၀၊ ဥက္ကံဘိုးဘွားရိပ်သာအတွက် ငွေကျပ် ၂၃၀၀၀၊ ခရမ်းဘိုးဘွားရိပ်သာအတွက် ငွေကျပ် ၂၀၀၀၀ စုစုပေါင်းငွေကျပ် ၆၃၀၀၀၀ကို ဘိုးဘွားရိပ်သာများကိုယ်စား နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(အငြိမ်းစား)သို့ ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးက ပြည်နယ်၊ တိုင်း ဘိုးဘွားရိပ်သာများအတွက် အလှူငွေကျပ် ၁၇၂၀၀၀၀ ကို ၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးဘိုးသန်းသို့ ပေးအပ်သည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က ပြည်နယ်၊ တိုင်းများရှိ အသက်ကြီးဆုံး အဘိုးတစ်ဦး၊ အဘွားတစ်ဦးနှင့် ရွေးချယ်ခံ အဘိုးတစ်ဦး၊ အဘွားတစ်ဦးတို့အတွက် အလှူငွေကျပ် ၁၇၀၀၀၀၀ကို ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးဘိုးသန်းသို့ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ဂုဏ်ပြုတေးသီချင်း ရေးစပ်သီကုံးပေးသော ဂီတစာဆို ဟသ်ာတဦးမြင့်ဇွေနှင့် ကူညီသီဆိုပေးသော တေးသံရှင် စိုးစန္ဒာထွန်းတို့အား ဂုဏ်ပြုလက်ဆောင်များချီးမြှင့်သည်။

ယင်းနောက် ဂုဏ်ပြုခံအဘိုးအဘွားများကိုယ်စား ဗိုလ်မှူးချုပ်ခင်အုန်း (အငြိမ်းစား) (ရာမညကိုကိုနိုင်)နှင့် ဘိုးဘွားရိပ်သာများမှ တက်ရောက်လာသော အဘိုးအဘွားများကိုယ်စား နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ အဘွား ဒေါ်တင်တင်တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊ အမှတ်(၁၂) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် အောက်တိုဘာ ၁**



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ပညာရေးရာဌာနက ထုတ်ဝေသည့် ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊ အမှတ်(၁၂)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

**(ယာပုံ)**

အဆိုပါဂျာနယ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင် စင်ကာပူသမ္မတနိုင်ငံမှ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့အားကြိုဆိုနှုတ်ဆက်သည့်သတင်း၊ တက္ကသိုလ်မြတ်သူ၊ ချစ်နိုင်(စိတ်ပညာ)၊ ညွန့်ဟံ(ကြူတော)၊ မောင်ကောင်းယဉ်၊ ဦးတင်ရှိန်၊ ကျော်ဇင်ညွန့်(တရားရုံးချုပ်ရှေ့နေ)၊ မရွှေချစ်(လယ်ကိုင်း)၊ မိမိမော်(မဟာသိပ္ပံ)၊ နန်းအေးအေးရှိန်(သရုပ်ပြ)တို့၏ ဖတ်ဖွယ်မှတ်ဖွယ် ဆောင်းပါးများ၊ နိုင်ငံတကာဟာသများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းများ၏ နယ်မြေဖွံ့ဖြိုးရေး၊ စည်းရုံးရေးဆောင်ရွက်မှုသတင်းများ၊ နိုင်ငံတကာ ဖြစ်ရပ်သတင်းများ စုံလင်စွာဖော်ပြပါရှိသည်။

(က-ပ)

■ *ကျောဖုံးမှ*

အစည်းအဝေးသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် ယနေ့အစည်းအဝေးမှာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး ထူထောင်ထားသည့် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံ သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေးနှင့် ဘက်စုံ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးအတွက် တတိယအကြိမ် ဆွေးနွေးညှိနှိုင်းသည့် အစည်းအဝေးဖြစ်ကြောင်း၊ ယနေ့အောက်တိုဘာ ၁ ရက်နေ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ခဲ့သည့် (၅၅)နှစ်မြောက် အမျိုးသားနေ့ဖြစ်သဖြင့် ယနေ့အစည်းအဝေးမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အမျိုးသားနေ့ကိုဂုဏ်ပြု ကျင်းပရာလည်း ရောက်ကြောင်း။

## တိုးပွားဖြစ်ထွန်း

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား စီးပွားရေးနယ်ပယ်သာမက ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြင့်မားနေပြီး နှစ်နိုင်ငံအကြားလက်မှတ်ရေးထိုးထားသော သဘောတူစာချုပ်များ၊ နားလည်မှု စာချွန်လွှာများ၊ အပြန်အလှန်လဲလှယ်မှု စာလွှာများ များစွာ တိုးပွားဖြစ်ထွန်းနေလျက်ရှိကြောင်း။

နှစ်နိုင်ငံ ခေါင်းဆောင်များ၏ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များအတွင်း လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သော စာချုပ်များ၊ နားလည်မှုစာချွန်လွှာများ၊ အပြန်အလှန် နားလည်မှုစာချွန်လွှာကို ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် တူရာတူရာ ကဏ္ဍအလိုက် စုစည်းပေါင်းစပ်ခဲ့ရာ စုစုပေါင်း ၂၉ခု အထိ ရှိသည်ကို တွေ့ရကြောင်း။

သို့ဖြစ်သည်နှင့်အညီ နှစ်နိုင်ငံအကြား သဘောတူညီချက်များ လက်တွေ့ဆန်ဆန် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန် ယခုကဲ့သို့ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးနေခြင်း ဖြစ်ကြောင်း။

ဤသို့ ညှိနှိုင်းဆွေးနွေးကြခြင်းအားဖြင့် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ပြီးပြတ်သွားသော သဘောတူညီချက်များ၊ ဆောင်ရွက်ဆဲလုပ်ငန်းများ၊ ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားရမည့် လုပ်ငန်းများ ပေါ်ထွက်လာမှာဖြစ်သဖြင့်သက်ဆိုင်ရာဝန်ကြီးဌာနများအတွက်ရောနိုင်ငံတော်အတွက်ပါများစွာ အကျိုးသက်ရောက်မှု ရှိစေကြောင်း။

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန် ဆက်သွယ်ရေး ထူထောင်ခဲ့သည်မှာနှစ်ပေါင်း ၅၀ ကျော် ကြာခဲ့ပြီဖြစ်ပြီး နှစ်နိုင်ငံအကြားဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး အစဉ်တစိုက်ဖြစ်ထွန်းနေခဲ့ကြောင်း။

## စဉ်ဆက်မပြတ်ဖြစ်ထွန်း

ထို့အပြင် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ဒေသတွင်းမှာရော နိုင်ငံတကာ နယ်ပယ်မှာပါ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန်အလှန် အထောက်အကူပြုမှုများ၊ အပြန်အလှန် အကျိုးပြုမှုများ စဉ်ဆက်မပြတ် ဖြစ်ထွန်းနေခဲ့ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တရုတ်ပြည်တစ်ပြည်တည်းမူ (One China Policy) ကို အစဉ်တစိုက် ထောက်ခံမှုပြုပြီး လက်ခံကျင့်သုံးခဲ့သလို တရုတ်ပြည်သူ့ သမ္မတနိုင်ငံကလည်း ဒေသတွင်းမှာရော နိုင်ငံတကာ မျက်နှာစာမှာပါ မြန်မာနိုင်ငံသို့ အထောက်အကူပြု ရပ်တည်ဆောင်ရွက်ပေးခြင်းများ များပြားစွာရှိကြောင်း။

## ညီရင်းအစ်ကို အဆင့်သို့

ဤကဲ့သို့ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုများ၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းလာသည်နှင့်အမျှ နှစ်နိုင်ငံအကြီးအကဲများ အပါအဝင် နိုင်ငံတော်တာဝန်ရှိသူများ၏ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ တိုးပွားများပြားလာပြီး နှစ်နိုင်ငံ ဆက်ဆံရေးမှာလည်း ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေး အဆင့်မှ ညီရင်းအစ်ကို ချစ်ကြည်ရေးအဆင့်သို့ တိုးမြှင့်ဖြစ်ထွန်းလာခဲ့ပြီ ဖြစ်ကြောင်း။

ယင်းသို့သော အခြေအနေတွင် နှစ်နိုင်ငံ သဘောတူစာချုပ်များ၊ နားလည်မှုစာချွန်လွှာများ၊ အပြန်အလှန်လဲလှယ်မှုစာလွှာများ ပိုမိုတိုးပွားလာလျက်ရှိရာ လုပ်ငန်းတစ်ခုချင်းအလိုက် ပြီးပြတ်အောင်မြင်သည်အထိ တာဝန်ရှိသော ဝန်ကြီးဌာနများက အာရုံစူးစိုက် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ အလားတူပင် ကူညီပံ့ပိုးပေးရမည့် ဝန်ကြီးဌာနများကလည်း ဖိဖိစီးစီး ပံ့ပိုးဆောင်ရွက်ပေးကြရန်မှာကြားလိုကြောင်း။

## ပွင့်လင်းစွာတင်ပြ

နှစ်နိုင်ငံ သဘောတူစာချုပ်များ အကောင်အထည်ဖော်မှု၊ နှစ်နိုင်ငံ ဘက်စုံ ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန် တိုးမြှင့်နိုင်ရေး၊ လုပ်ငန်းတစ်ခုချင်းအလိုက် ရည်မှန်းချက်အောင်မြင်ပြည့်မြောက်ရေးအတွက် ဝန်ကြီးဌာနများအားလုံးက အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ပွင့်လင်းစွာဆွေးနွေးတင်ပြကြရန် ပြောကြားသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက မြန်မာ-တရုတ် သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေးနှင့် ဘက်စုံ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးက ကဏ္ဍအလိုက် ပေါင်းစပ်ပေးထားသည့် လုပ်ငန်းရပ်များအပေါ် ဝန်ကြီးဌာနအသီးသီးက အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ နိုင်ငံခြားရေးဝန်ကြီးဌာနက ညှိနှိုင်းဆောင်ရွက်ပေးမှု၊ နိုင်ငံခြားရေးဝန်ကြီး ဌာနအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၏ တိုးတက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ-တရုတ် သဘောတူစာချုပ်များ၊ နားလည်မှု စာချွန်လွှာများနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနအသီးသီး၏ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်နေမှု အခြေအနေများကို ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက မိမိတို့ သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းတင်ပြချက်များကို ပြန်လည်ဆွေးနွေးမှာကြားပြီး နှစ်နိုင်ငံသဘောတူစာချုပ်များ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုများ အောင်မြင်ဖြစ်ထွန်းရေးအတွက် ဝန်ကြီးဌာနအသီးသီးက မိမိတို့ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ပြန်လည်ထိရောက်စွာ ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံသို့အပန်းဖြေခရီးတစ်ခေါက်ရောက်ခဲ့ရာဝယ်

**၂၀၀၄ခုနှစ် စက်တင်ဘာ ၂၈ရက်နေ့ ဟောင်ကောင်ထုတ် South China Morning Post သတင်းစာမှ ဆောင်းပါးရှင် Tim pile ၏ Perfect 10 ခရီးသွားဆောင်းပါးကို ဘာသာပြန်ဆိုဖော်ပြလိုက်ပါသည်။**




## ၁။ မြို့တော်ရန်ကုန်

မြန်မာနိုင်ငံမြို့တော်ရန်ကုန်သို့ ပထမဦးဆုံး ရောက်ရှိလာကြသူ အများစုသည် အုံ့ဆိုင်းဝေဆာနေသည့် သစ်ပင်ပန်းမန်များကို အားပါးတရ တွေ့မြင်ခံစားကြရသည်။ လမ်းကြီး၊ လမ်းငယ်အသွယ်သွယ်တို့တွင် အမြဲတမ်းစိမ်းလန်းစိုပြည်နေသည့် သစ်ပင်ဝါးပင်များ၏ အရိပ်အာဝါသကို ခိုလှုံကြရသည့်အပြင် ဝင်းလက်တောက်ပနေသော ဘုရားကျောင်းကန် စေတီပုထိုးတို့ဖြင့် တန်ဆာဆင်ထားသည့် ရန်ကုန်မြို့ တော်ကြီးမှာ ကမ္ဘာတစ်လွှားလူသိများ ထင်ရှားလှပါဘိသည်။ သက်တမ်းအားဖြင့် နှစ်ပေါင်း ၂၅၀၀ရှိနေပြီ ဖြစ်သော ရွှေတိဂုံစေတီတော်ကြီးမှာ အထင်ရှားအကျော် ကြားဆုံး သာသနိက အဆောက်အအုံကြီးပင်ဖြစ်သည်။ ထိုရွှေတိဂုံ စေတီတော်ကြီးကို လေယာဉ်သက်ဆင်းလိုက်သည်နှင့် လှမ်းမျှော်ဖူးတွေ့ရမြဲဖြစ်သည်။ ဆူးလေစေတီတော်သည်လည်း ရန်ကုန်မြို့လယ်တွင် ဉာဏ်တော် ၄၆ မီတာရှိပြီး ကျက်သရေမင်္ဂလာပြည့်လျှမ်းနေသည့် အထင်ကရ စေတီတော်ကြီးပင်ဖြစ်သည်။ စေတီတော်ကို ကြည်ညိုပြီးနောက် ပြင်ပသို့ တစ်မနက် လှေ့လာမည်ဆိုလျှင် အမျိုးသားပြတိုက် ကို လှေ့လာနိုင်သကဲ့သို့ ဗိုလ်ချုပ်ဈေးကိုလည်း လှည့်ပတ်ဈေးဝယ်နိုင်သည်။ ထို့အပြင် အေးချမ်းပျော်ရွှင်ဖွယ်ကောင်းပြီး ၁၉၂၀ပြည့်နှစ် ကာလကပင် ဧည့်ဝင် များခဲ့သည့် စထရင်းဟိုတယ်ကြီးတွင် အပန်းဖြေ နိုင်သည်။ စထရင်းဟိုတယ်ကြီးတွင် ရှေးခေတ်လက်ရာများကိုလည်း ပြန်ပြောင်းသတိရနိုင်သေးသည်။ ထိုဟိုတယ်ကြီးကို ၁၉၉၃ခုနှစ်က ပြန်လည် မွမ်းမံတည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

## ၂။ ရေငုပ်သမားတို့ပျော်စံရာ မြိတ်ကျွန်းစုမှာ

သဘာဝအတိုင်းရှိနေသေးသည့် သန့်ရှင်းသပ်ရပ်လှပသော မြိတ်ကျွန်းစုသည် မြန်မာနိုင်ငံတောင်ပိုင်း ဝေးလံသည့် နေရာတွင် တည်ရှိသည်။ ထိုမြိတ်ကျွန်းစုတွင် မပြုမပြင် သဘာဝအတိုင်းပင်ရှိနေသေးသည့် ကျွန်းငယ်ပေါင်း ၈၀၀ကျော်ရှိသည်။ ထိုကျွန်းစုတွင် နဂိုဟန်မပျက် တည်ရှိနေသော ငွေသောင်ယံဖြူလွလွ သဲသောင်ကမ်းခြေများ၊ သလင်းကျောက်သားတို့ဖြင့် အလှဆင်ထားသော သဘာဝပင်လယ်ရေပြင်များဖြင့် ပြည့်နှက်နေသည်ကို ရှုမငြီးဖွယ် တွေ့မြင်ကြရသည်။ ရေငုပ်သမားများ ကျက်စားနိုင်စရာ အလားအလာများစွာ ရှိနေသည့်နေရာများ လည်းရှိသည်။ ထိုင်းနိုင်ငံမှ စင်းလုံးငှား အပျော်စီးရေယာဉ်များဖြင့် မြိတ်ကျွန်းစုသို့ လာရောက်လှေ့လာသင့်လှသည်။ စတုရန်းကီလိုမီတာ ၂၆၀၀၀ရှိအဆိုပါ ကျွန်းစုတွင် အပျော်တမ်း ရေငုပ်သမားများအတွက် ရေငုပ်စရာနေရာများ ဖြင့်ပြည့်နှက်နေသည်။ ထိုဒေသသို့ ရက်သတ္တတစ်ပတ်ကြာမျှလှည့်လည်လေ့လာမှသာလျှင် ဒေသန္တရအခြေအနေကို အထိုက်အလျောက်ပြည့်စုံစွာသိရှိနိုင်မည် ဖြစ်သည်။ မြိတ်ကျွန်းစုသို့ လာရောက်လေ့လာမည်ဆိုပါက တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၂၀သာ ကျသည်။ ရေငုပ်သမား မဟုတ်သူများအတွက် သစ်တောများအတွင်း လှည့်ပတ်သွားလာလေ့လာနိုင်သကဲ့သို့ မြစ်ချောင်းများအတွင်း လှည့်လည်သွားလာကာ သဘာဝရှုခင်းများကို ရှုစားအပန်းဖြေနိုင်ကြ သည့်အပြင် ကျွန်းပေါ်ရှိ ကျေးငှက်သာရကာများ ပျော်ပါးမြူးထူးနေသည်ကို လည်းကြည့်ရှုကြည်နူးနိုင်ကြ၏။ ထိုသို့သော အခြေအနေများ ရရှိရန်လည်း လွယ်လွယ်ကူကူပင် စီစဉ်ပေးနိုင်ပါ၏။

## ၃။ မန္တလေးမြို့တော်

မန္တလေးမြို့သည် ကာဆာဘလန်ကာမြို့နှင့် တူသည်။ ကျောက်မျက် ရတနာမြို့တော်ဖြစ်သည့် မန္တလေးသည် မြန်မာနိုင်ငံအလယ်ပိုင်း အနေအထားကို ဆီးကြိုပြသရာမြို့ဖြစ်သည်။ မြန်မာနိုင်ငံ၏ ဒုတိယမြို့တော်ဖြစ်ပြီး ယဉ်ကျေးမှု အမွေအနှစ်မြို့တော်ကြီးဟုလည်း ခေါ်ဆိုနိုင်သည်။ ထိုမြို့တွင် ခရီးသည်များ စိတ်ဝင်စားစရာများစွာရှိသည်။ မန္တလေးတောင်ပေါ်သို့ ခြေကျင်လျှောက်၍ တက်ရောက်နိုင်သည်။ မန္တလေးတောင်ခြေတွင် ရှေးဟောင်းခံတပ်နှင့် ရှေးဘုရင့် နန်းတော်ကြီးတို့၏ ခံ့ညားထည်ဝါသည့် အလှကို ရှုမြင်နိုင်သည်။ ဘုရား ကျောင်းကန် စေတီပုထိုးမွေ့လျော်သူများအတွက် ရက်များစွာ လည်ပတ် ကြည့်ရှုမှ ပြည့်စုံလုံလောက်မည်ဖြစ်သည်။ ဥပမာ-မဟာမြတ်မုနိရုပ်ပွားတော်မြတ်ကြီးသည် မြန်မာလူမျိုး ဘုရားဖူးများအထွတ်အမြတ်ထားသည့် အလွန်ကြည်ညိုဖွယ် ရုပ်ပွားတော်ကြီးပင်ဖြစ်သည်။ မန္တလေးမြို့၌ ပြည်တွင်း ခရီးသည်များအတွက်သာမက နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များအတွက်ပါ ရေပန်းစားလှသည့် လမ်းဘေးအငြိမ့်သဘင်များလည်း နေရာတကာတွင် တွေ့မြင် ကြည့်ရှုကြရသည်။ ထိုအငြိမ့်သဘင်များတွင် ဇာတ်ထုပ်များ၊ ပြဇာတ်များနှင့် တေးဂီတများဖြင့် ဖျော်ဖြေကပြကြသည်။ အငြိမ့်သဘင်ပွဲခင်းများ၌ မန္တလေးမြို့ပေါ်ရှိ မြောက်မြားလှစွာသော လက်မှုအနုပညာပစ္စည်းဆိုင်များတွင် လှည့်လည် ဝယ်ယူနိုင်သေး၏။ ရွှေချည်ထိုး ပန်းချီကားများ၊ ပိုးထည်များနှင့် ယွန်းထည်များသည် ဈေးကြီးကြီးပေး၍ ဝယ်ယူရသော ပစ္စည်းများပင်ဖြစ်သည်။ မန္တလေး မြို့သည်လည်း သွားရေးလာရေး လွယ်ကူအဆင်ပြေသည့် မြို့တစ်မြို့ ဖြစ်သည်။

## ၄။ ဧရာဝတီ အပျော်စီးရေလမ်းခရီး

မဟာဧရာဝတီမြစ်တစ်လျှောက် အပျော်စီးရေယာဉ်ဖြင့် ခရီးသွားခြင်းသည် ကြည်နူးစွာ အနားယူအပန်းဖြေစရာ ခရီးပင်ဖြစ်သည်။ မန္တလေးမြို့မှ ပုဂံမြို့သို့ ရေစုန်ခရီးကို နှစ်ရက်တာမျှ စုန်ဆင်းရပေမည်။ ပြုပြင်ထားသည့် ဧရာဝတီမြစ်သွားသင်္ဘောများသည် ရှေးကျပြီး ကြိမ်၊ ဝါးတို့ဖြင့် ပြုလုပ်ထားသည့် လက်ရမ်းကုလားထိုင်များ တပ်ဆင်ထားသည်။ အထူးအခန်းများကို ကြေးဝါများဖြင့် ဖွဲ့စည်းတန်ဆာဆင်ထားသည်။ မျက်စိလျှင်သူတို့အနေဖြင့် သင်္ဘောပေါ်ရှိ ကျွန်းသားကုန်းပတ်မှနေ၍ လင်းပိုင်များကိုပင် တွေ့မြင်ရတတ်သည်။ ဧရာဝတီ မြစ်ကမ်းနံဘေးရှိ ကျေးရွာများကို ရပ်နားလှေ့လာကြည့်ရန် မမေ့အပ်ပေ။ ရွာသူ ရွာသားများက ဖော်ရွေသောအပြုံးဖြင့် လက်ပြကြိုဆို နှုတ်ဆက်ကြ သည်ကို တွေ့ကြရပေလိမ့်မည်။

## ၅။ ယဉ်ကျေးမှုအမွေ ရှေးဟောင်းပုဂံမြေ

ရှေးဟောင်းသုတေသန နယ်မြေဖြစ်သည့် ပုဂံမြို့သည် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသည့် ခရီးသည်များအတွက် အဓိကထား လည်ပတ်ရသည့် နေရာဖြစ်သည်။ မြို့ဝင်ကြေးမှာ အမေရိကန်ဒေါ်လာ ၁၀ ဒေါ်လာဖြစ်၏။ ပုဂံမြို့နေရာအနှံ့အပြားရှိ ဘုရား၊ ပုထိုး၊ စေတီ၊ တန်ဆောင်း၊ ပြာသာဒ် မျိုးစုံတို့ကို နှစ်ရက်ထက်မနည်းကြာအောင် လေ့လာခဲ့ရသည်။ ထိုသို့လေ့လာ ရာတွင်မော်တော်ကားသော်လည်းကောင်း၊ စက်ဘီးသော်လည်းကောင်း၊ မြင်းလှည်းသော်လည်းကောင်း ငှားရမ်း၍ လည်ပတ်ကြည့်ရှုနိုင်သည်။ မင်္ဂလာစေတီ၏ အထက်ဆုံးလှေကားထစ်သို့ ကုတ်တက်တွယ်တက်သွားရသည်။ ထိုမင်္ဂလာ စေတီတော်သည် မိုးထိအောင်မြင့်မားသည့်အလား ထင်ရသည်။ ပုဂံမြို့ကြီးသည် အလွန်တရာမှပင် ကျယ်ဝန်းလှသည်။ ပုဂံမြို့ရှိ ဘုရား၊ ပုထိုး၊ စေတီများကို နှံ့အောင်လှည့်ပတ်ဖူးမြော်ရန်မှာ မလွယ်ကူလှပေ။ ပုဂံမြို့သည် ၁၉၇၅ခုနှစ်က မြေငလျင်ခပြီး ပျက်စီးခဲ့ရသော်လည်း **လွန်ခဲ့သည့်နှစ်ပေါင်း ၈၀၀ခန့်က တည်ထားကိုးကွယ်ခဲ့သော ဘုရား၊ ပုထိုး၊ စေတီ၊ တန်ဆောင်း၊ ပြာသာဒ်တို့မှာ အမြဲတစေ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ထားမှုကြောင့် ယခုတိုင် မပျက်စီးမယိုယွင်းဘဲ ရှိနေသေးသည်။ ပုဂံမြို့ရှိ ဧရာဝတီကမ်းနဖူးပေါ်မှ ဗူးဘုရားတွင် ညနေချိန်တိုင်း လူများစုဝေးရောက်ရှိလာကြပြီး ပုဂံ၏ နေဝင်ချိန်အလှကို ရှုစားကြစမြဲဖြစ်သည်။** ဧရာဝတီမြစ်ကမ်းတွင် တည်ရှိသည့် ညောင်ဦးမြို့သည် တည်းခိုစရိတ်သက်သာရာ... တည်းခိုဈေးချိုသည်။ ပုဂံမြို့ဟောင်းတွင်ရှိသော သံတဲဟိုတယ်သည် သူဌေးသူကြွယ်များ တည်းခိုရန် သင့်လျော်လှပေ၏။

## ၆။ တောင်ပေါ်စခန်း ကလောမြို့

ကလောမြို့သည် တောင်ပေါ်စခန်းမြို့ ဖြစ်၏။ အပျော်တမ်း ခြေကျင်ခရီးသွားလုပ်ငန်းအတွက် အဆင်ပြေသည်။ ကလောမြို့ကို မြေပြင်မညီညာ လှသော ရှမ်းကုန်းပြင်မြင့်ပေါ်တွင် တည်ထားသည်။ အပန်းဖြေစရာ ရာသီဥတုကောင်းသည့် မြို့ဖြစ်၏။ သာယာလှပသော ရှုခင်းများကို ခြေကျင်လျှောက်၍ ကြည့်ရှုအရသာခံနိုင်၏။ လမ်းမကြီးမှနေ၍ ခြေကျင်ခရီးဖြင့် လာရောက်ကြသူများပြား၏။ အမေရိကန်ဒေါ်လာ ခြောက်ဒေါ်လာမျှဖြင့် တစ်နေ့လုံး ခြေကျင်လှည့်ပတ်သွားလာကြည့်ရှုနိုင်၏။ ဝင်းနားဟိုတယ်မှ ဝန်ထမ်းများသည် အထူးတလည် ကူညီတတ်ကြသူများ ဖြစ်၏။ တောင်ပေါ်ဒေသနေ ပလောင်နှင့်ပအိုဝ်းတိုင်းရင်းသားများ၏ ကျေးရွာများကိုဖြတ်သန်းခရီးသွားကြရမည်ဖြစ်၏။ အင်းလေးကန်ဝန်းကျင်တွင် သုံးရက်ကြာ လည်ပတ်မည်ဆိုပါက ဘုန်းတော်ကြီးကျောင်းများ၌ ညအိပ်တည်းခိုအနားယူနိုင်ကြသည်။

**လွန်ခဲ့သည့်နှစ်ပေါင်း ၈၀၀ ခန့်က တည်ထားကိုးကွယ်ခဲ့သော ဘုရား၊ ပုထိုး၊ စေတီ၊ တန်ဆောင်း၊ ပြာသာဒ်တို့မှာ အမြဲတစေ ပြုပြင်ထိန်းသိမ်း စောင့်ရှောက်ထားမှုကြောင့် ယခုတိုင် မပျက်စီးမယိုယွင်းဘဲ ရှိနေသေးသည်။ ပုဂံမြို့ရှိ ဧရာဝတီကမ်းနဖူးပေါ်မှ ဗူးဘုရားတွင် ညနေချိန်တိုင်း လူများ စုဝေးရောက်ရှိလာကြပြီး ပုဂံ၏ နေဝင်ချိန်အလှကို ရှုစားကြစမြဲ ဖြစ်သည်။**

## ၇။ တောင်ပေါ်က ပင်လယ်သဏ္ဍာန် အင်းလေးကန်

အင်းလေးကန်သည် မြန်မာနိုင်ငံတွင် အလွန်အေးချမ်းသော နေရာတစ် နေရာ ဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်အထက် မီတာ၉၀၀ အမြင့်တွင်ရှိသည်။ တိုက်ခတ်သော လေကြောင့် အားအင်တိုး လန်းဆန်းစေသည်။ လေ့လာစရာ အများအပြားရှိသည်။ အင်းလေးကန်တွင် တစ်ရွာနှင့်တစ်ရွာ၊ တစ်နေရာနှင့် တစ်နေရာ လှေဖြင့်သွားလာ လည်ပတ်ရသည်။ အင်းလေးကန် ဒေသတွင် နေထိုင်သော အင်းသားတိုင်းရင်းသားများသည် ဝါးဖြင့်ရက်လုပ်ထားသော ကန်တော့ပုံသဏ္ဍာန်မြုံးများဖြင့် ငါးဖမ်းကြသည်။ ရေပေါ်ဈေးများရှိသကဲ့သို့ ဒေသထွက်ပစ္စည်း အလုပ်ရုံတန်းများလည်းရှိသည်။ ထိုနေရာများသည် ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားစရာ နေရာများဖြစ်နေသည်။ အင်းလေးကန်တွင် ကြောင်ခုန်ဘုန်းတော်ကြီးကျောင်းကိုလည်း ဝင်ရောက်လေ့လာနိုင်သည်။ ထိုဘုန်းတော်ကြီးကျောင်း၌ ကြိမ်ကွင်းများအတွင်း ကြောင်များခုန်ပေါက် မြူးထူးနေကြသည်မှာ ကြည့်၍ပင် ကောင်းလှသေးတော့သည်၊ စိတ်ဝင်စားစရာပင်ဖြစ်၏။ အင်းလေးကန်၏ တောင်ဘက်စွန်းသို့လည်း လှေဖြင့်သွားရောက် ကြည့်ရှုခဲ့ရသေး၏။ တောင်ဘက်စွန်းနေရာကား ပို၍ဆိတ်ငြိမ်အေးချမ်းသော နေရာဖြစ်နေသည်။ ထိုနေရာ၌ ကြည့်စရာတွေ စုံလင်များပြားလှ၏။ စိုက်ပျိုးရေးလုပ်ကိုင်ရာ ဖြစ်၏။ စိုက်ပျိုးဖြစ်ထွန်းရာ နေရာဖြစ်၏။ ဟင်းသီးဟင်းရွက် သစ်သီးဝလံပေါများ၏။ စိမ့်တောရှုံ့နွံတောဖြစ်၍ မြေအိုးလုပ်ငန်းလုပ်ကိုင်သည့် ကျေးရွာကြီးလည်းရှိ၏။ တစ်ရွာလုံး အိုးလုပ်ငန်းလုပ်ကိုင်ကြ၏။ ငွေကြေးတတ် နိုင်သူအများအပြားတို့ကား အင်းလေးကန်အနီးရှိ ညောင်ရွှေမြို့တွင် အခြေချ နေထိုင်ကြသည်။ ကန်ပတ်လည်တွင် အဆင့်မြင့်၍ အထက်တန်းကျသော ဟိုတယ်များ ဝိုင်းရံတည်ဆောက်ထားသည်။

## ၈။ တောင်စခန်းမြို့ (ပြင်ဦးလွင်)

မန္တလေးမှ နှစ်နာရီခန့်ခရီးဆန့်လျှင် ပြင်ဦးလွင်မြို့သို့ ရောက်သည်။ ပြင်ဦးလွင်မြို့သည် လှပသည်။ ရှေးယခင်ကပင် တောင်ပေါ် အပန်းဖြေစခန်းအဖြစ် ထင်ရှားခဲ့သည်။

ရှေးခေတ် အိမ်ကြီးရခိုင်များကို တွေ့ရသေးသည်။ ရှေးခေတ်က ဂေါက်ကွင်းလည်းရှိသေး၏။ ရက္ခဗေဒဉယျာဉ်လည်း ရှိသေးသည်။ ခရစ်ယာန်ဘုရား ရှိခိုးကျောင်းလည်း မြန်မာဘုရားကျောင်းကန်များအကြား၊ တရုတ်ဘုံကျောင်းများအလယ်တွင် တင့်တယ်စွာရှိနေသည်။ ဒေသထွက်ကုန်များရောင်းချသည့် ဈေးများလည်းရှိ၏။ လတ်ဆတ်သန့်ရှင်းသော စတော်ဘယ်ရီသီးများလည်း ပေါ၏။ စတော်ဘယ်ရီအိုးကြီးဟုပင်ဆိုနိုင်သည်။ ဂူများ၊ တိုင်းရင်းသားကျေးရွာများနှင့် ရေတံခွန်များပေါများသဖြင့် အဓိကလေ့လာစရာများလည်းစုံ၏။ အနီးစခန်းတွင် သွယ်ဖြာကျဆင်းနေသည့် ရေတံခွန်မှာ နေရာငါးနေရာ၌ တဝေါဝေါစီးဆင်းနေ၏။ ပျော်ရွှင်ကြည်နူးဖွယ်ပင်ဖြစ်သည်။ ပျော်ပွဲစားရန်၊ ရေကူးရန် အလွန်ပင် ကောင်းလှသည့်နေရာဖြစ်၏။ ဆင်းရဲချမ်းသာမရွေး လူတိုင်း တည်းခိုနိုင်အောင် စီစဉ်ထားသည့် ဟိုတယ်များလည်း တစ်ပုံတစ်ပင်တည်ရှိသည်။

## ၉။ ငပလီကမ်းခြေ အပန်းဖြေစခန်း

ငပလီကမ်းခြေသည်အပန်းဖြေစခန်းဖြစ်၏။ ထိုနေရာသို့လည်း သွားရောက် အပန်းဖြေရန်လိုအပ်မည်ဖြစ်သည်။ သုံးကီလိုမီတာရှည်လျားသော သဲသောင်ပြင်တွင် နှစ်ခြိုက်စွာ အပန်းဖြေနိုင်မည်ဖြစ်၏။ အပန်းဖြေကမ်းခြေစပ်များတွင် ဖွင့်ထားသော စားသောက်ဆိုင်များဖြင့် စည်ကား၏။ စားသောက်ဆိုင်ထိုင်ကာ ဘီယာသောက်ပြီး ပုစွန်တုပ်မြည်းရင်း ပင်လယ်ပြင်မှ တံငါသည်များကို ကြည့်ရှုနေရသည်မှာ အရသာတစ်မျိုးပင်ဖြစ်သည်။ နေဝင်ချိန်အလှမှာလည်း ဓာတ်ပုံမှတ်တမ်းတင်ကာ ကြည်နူးဖွယ် ရှုမဝစရာတစ်ခုဖြစ်ပြီး ရင်သပ်ရှုမောစရာ၊ အံ့မခန်းစရာအတိရှိနေ၏။ ဧည့်ဂေဟာသစ်များလည်း များပြားလှပါဘိ၏။ သံတွဲအပန်းဖြေရိပ်သာ၌ နားနေရသည်မှာ ဇိမ်ယူစရာတစ်မျိုးဖြစ်သည်။

## ၁၀။ ထိုင်းနယ်စပ်ကိုဖြတ်ကျော်ရာဝယ်

မြန်မာနိုင်ငံတွင် တစ်ရက်တာ လည်ပတ်နိုင်ရေးအတွက် ထိုင်းနိုင်ငံမှ နယ်စပ်ဖြတ်ကျော်ဝင်ရောက်၍ ရပါ၏။ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှတစ်ဆင့် မြန်မာ-ထိုင်းနယ်စပ်ကို ဖြတ်ကျော်၍ တာချီလိတ်မြို့တွင် ပြည်ဝင်ခွင့် ဗီဇာယူရပါ၏။ မြန်မာနိုင်ငံအတွင်း ထိုင်းနိုင်ငံသုံးဘတ်ငွေ၊ အမေရိကန်ဒေါ်လာ၊ မြန်မာနိုင်ငံသုံးကျပ်ငွေ တို့အားလုံးကို သုံးစွဲနိုင်ပါ၏။ မြန်မာနိုင်ငံအတွင်းတွင် လည်ပတ်နိုင်ရေးအတွက် သီတင်းနှစ်ပတ်ကြာ သက်တမ်းရှိသည့် ဗီဇာထုတ်ပေးသည်။ နယ်စပ်မှ ကီလိုမီတာ ၁၆၀ ဝေးသည့် ကျိုင်းတုံမြို့သို့ သွားရောက်နိုင်သည်။ ရှမ်းပြည်နယ်၏ တစ်စိတ်တစ်ဒေသဖြစ်သော ကျိုင်းတုံတစ်ဝိုက်သို့ သွားရသည်မှာပင် ရှုခင်းစုံကြည့်နေရသည့်နှယ်ပင်ဖြစ်ပါ၏။ သို့သော် သွားရေးလာမှု အဆင်ပြေသည်ဟု ဆိုနိုင်ပါ၏။ ။



**စက်တင်ဘာ ၂၈ရက်က မြောက်ဥက္ကလာပမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ဦးလှိုင်ဌေးက (င) ရပ်ကွက် အတွင်းရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူ ၂၀၃ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ရာ မအိအိသော်က လက်ခံရယူစဉ်။** (က-ပ)



**စက်တင်ဘာ ၂၈ရက်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီးပွားရေးလုပ်ငန်းအဖွဲ့နှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် အင်တာနက်မိတ်ဆက် သင်တန်းဆင်းပွဲကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီးပွားရေးလုပ်ငန်းအဖွဲ့မှ ဒေါ်လှကြူက သင်တန်းဆင်းလက်မှတ် ပေးအပ်စဉ်။** (က-ပ)

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင်များက အလှူငွေများလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁

**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်း အမှတ် ၁၃၂ ရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်၍ အလှူငွေများ လက်ခံသည်။**

## တက်ရောက်

လှူဒါန်းပွဲသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပါမောက္ခ ဒေါက်တာဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်ခင်ဝင်း၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်းနှင့် အတွင်းရေးမှူးအဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားသည်။

## ပေးအပ်လှူဒါန်း

ထို့နောက် MCC Co., Ltd. က g MIS e-government portal စနစ်သုံးစွဲနိုင်ရေးအတွက် ငွေကျပ် ၇၄ သိန်း၊ ဦးကိုကိုထူး- ဒေါ်စန္ဒာအောင်၊ သား မင်းသီဟထူး၊ သမီး ဆုသီရိထူး မိသားစုက ငွေကျပ်၁၅သိန်း၊ ဦးတင့်ဆန်း-ဒေါက်တာ ဒေါ်ဌေးဌေးငြိမ်း (ACE ဆောက်လုပ်ရေး) က ငွေကျပ် ၁၂သိန်း၊ Excellent Enterprises Ltd. ကငွေကျပ် ၁၀သိန်း၊ ဦးစိုးသိန်း (မန်နေဂျင်းဒါရိုက်တာ-ခနအောင်ကုမ္ပဏီ) နှင့် ဇနီး ဒေါ်ခင်ချိုအုန်း (ဒုတိယတိုင်းဥပဒေအရာရှိ ရန်ကုန်တိုင်း)ကငွေကျပ်ခြောက်သိန်းနှင့်ကွယ်လွန်သူဖခင်ဗိုလ်မှူးအုန်းမောင်အား ရည်စူး၍ ငွေကျပ် ငါးသိန်း၊ Royal Garden Restaurant က ငွေကျပ် ၂၈၁၃၅၀တို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့က လှူဒါန်းငွေ ကျပ်နှစ်သိန်း၊ ဦးသိန်းဟန်(Tokyo Pipe) က ငွေကျပ် တစ်သိန်း၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (Sun Myanmar International Impex Co., Ltd.)



**မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်သို့ စေတနာရှင် အလှူရှင်များက ပေးအပ်လှူဒါန်းသော အလှူငွေများကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က လက်ခံစဉ်။** (သတင်းစဉ်)

က ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ လှူဒါန်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ အလှူရှင်များ၏ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၁၄၇၃၁၃၅၀ ဖြစ်သည်။

## ရှင်းလင်းသရုပ်ပြ

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များအား MCC Co., Ltd. ဥက္ကဋ္ဌ ဦးတင်ဝင်းအောင်က g MIS e-government Portal သုံးစွဲမှုနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းသရုပ်ပြသသည်။

**(သတင်းစဉ်)**

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ကျန်းမာရေးအဖွဲ့က လှူဒါန်းငွေကျပ်ခြောက်သိန်း၊ ရွှေနန်းတော်စိန်ရွှေရတနာဆိုင် က ငွေကျပ် ၅၅၀၀၀၀၊ ဒေါက်တာဝင်းစည်သူ-ဒေါက်တာစုလှဟန် (Myanmar Group Ltd.) က ငွေကျပ်ငါးသိန်း၊ MSC ဆောက်လုပ်ရေးမှ မန်နေဂျင်းဒါရိုက်တာဦးသန်းဦး က ငွေကျပ် ငါးသိန်း၊ သီဟသုခမ္မမဏိဇောတရေ ဦးတင်ဝင်း-ဒေါ်စန်းဝင်း (K.N Co. Ltd) က ငွေကျပ် သုံးသိန်း၊ ဦးခင်မောင်ထွန်း၊ သား ကိုထက်လင်း (ထက်လင်းဆေးတိုက်) က ငွေကျပ်သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင် အလှူရှင် **Royal Garden Restaurant** က ငွေကျပ် ၂၈၁၃၅၀ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ လက်ခံစဉ်။ (သတင်းစဉ်)

# ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် ကျုံကူးအထက်တန်းကျောင်းခွဲတိုးချဲ့ဆောက်လုပ်မှုကြည့်ရှုစစ်ဆေး တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြုချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၁

**ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်းနှင့် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တို့သည် ဟိုင်းကြီးတပ်နယ်မှ ဗိုလ်မှူးကြီးအေးဖေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂၈ရက် နံနက်ပိုင်းတွင် ဟိုင်းကြီးကျွန်းမြို့ ကမ်းနားလမ်း တစ်လျှောက် သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှုနှင့် ရေလုပ်ငန်းဖွံ့ဖြိုးမှု အခြေအနေများကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေယာဉ်ဖြင့် ငဝန်မြစ်အတိုင်းထွက်ခွာရာ ငပုတောမြို့နယ် ကျုံကူးကျေးရွာသို့ ရောက်ရှိသည်။**

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် တိုင်းမှူးတို့သည် ကျုံကူးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲသို့ သွားရောက်၍ တိုးချဲ့နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုလုပ်ငန်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်းမှာကြား

ဆက်လက်၍ ကျောင်းခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံ၍ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်းက နိုင်ငံတော်၏ပညာရေးမျှော်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ပညာရည်မြင့်မားရေး အတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး ရှင်းလင်းပြောကြားပြီး တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး ရှင်းလင်းမှာကြားသည်။

## ပေးအပ်ချီးမြှင့်

ထို့နောက် ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ကျုံကူးအခြေခံပညာအထက်တန်းကျောင်းမှ နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးနှင့် တစ်ဘာသာ ဂုဏ်ထူးရှင် သုံးဦးတို့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)က ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေများကို ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် တိုင်းမှူးတို့က ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပုသိမ်မြို့ အဝေရာ တိုင်းရင်းဆေးလုပ်ငန်းမှ ဦးသိန်းဝင်းက ကျောင်း၏ပညာရည်မြှင့်တင်မှုလုပ်ငန်းများတွင် အသုံးပြုရန် ငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်နိုင်က လက်ခံရယူပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်တိုင်းမှူးတို့သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ ကျောင်း၏ ပညာသင်ကြားမှုနှင့် ကျောင်းဆောင်များကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ကျုံကူးကျေးရွာသည် ငပုတောမြို့နှင့် မိုင် ၄၀အကွာတွင် တည်ရှိပြီး အခြေခံပညာအထက်တန်းအဆင့် သင်ယူနေကြသော ဒေသခံ ကျောင်းသားကျောင်းသူများ၏ သင်ကြားမှုနေရာ လုံလောက်စေရေးအတွက် ဟိုင်းကြီး တပ်နယ်က ဦးစီး၍ အလျား ပေ ၁၅၀၊ အနံ ၃၂ပေရှိ သံကူကွန်ကရစ်နှစ်ထပ် အဆောက်အအုံကို ပညာရေးဌာနမှ မတည်ငွေကျပ် ၆၃သိန်း အပါအဝင် ဒေသခံပြည်သူများ စုပေါင်းလှူဒါန်းငွေ ကျပ်သိန်း ၅၀၀ ကျော်ဖြင့် တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်းသိရှိရသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ တိုင်းမှူးနှင့်အဖွဲ့သည် ငဝန်မြစ်အတွင်း လှောင်ကန်စနစ်ဖြင့် ငါးတန်ငါးများ မွေးမြူမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်း တင်ပြကြသည်။

## ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တို့သည် ငဝန်မြစ်ကူး ပုသိမ်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ တံတားတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့(၈)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဝင်းက တံတားတည်ဆောက်မှု၊ ပင်မကြိုးသွယ်တန်းပြီးစီးမှု၊ ကြိုးတံတားသံပေါင်များ တပ်ဆင်ရန် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြသပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်တိုင်းမှူးတို့က လိုအပ်သည်များကိုမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ ငဝန်မြစ်ကူးပုသိမ်တံတားကို ၂၀၀၃ ခုနှစ် ဇူလိုင် ၃၀ ရက်မှစ၍ သံမဏိသံပေါင်ကြိုး တံတားအဖြစ် တည်ဆောက်ခဲ့ရာ ယခုအခါလုပ်ငန်းတစ်ခုလုံး၏ ၇၆ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။ တည်ဆောက်ပြီးစီးပါက ရန်ကုန်-ပုသိမ်-ချောင်းသာ-ငွေဆောင်နှင့် ပင်လယ်ကမ်းခြေဒေသများသို့ အချိန်တိုအတွင်း ကုန်းလမ်းမှတစ်ဆက်တည်းသွားလာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





**ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း ကျုံကူး အထက တွင် ဒေသခံရပ်မိရပ်ဖများအား တွေ့ဆုံမှာကြားစဉ်။** (သတင်းစဉ်)

# ကံထူးရှင်ရွေးချယ်

**ရန်ကုန် အောက်တိုဘာ ၁**

(၁၈၉)ကြိမ်မြောက် ကျပ်၅၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသည့် ဆုကြီးများမှာ အောက်ပါအတိုင်း ဖြစ်သည်။

**ကျပ်သိန်း (၃၀၀)အထူးဆုကြီး**

င-၁၄၅၆၅၅

**ကျပ်သိန်း(၅၀)ဆုများ**

| | |
|---|---|
| ကဃ-၂၇၇၉၄၈ | ဌ-၄၇၀၇၂၃ |
| ကက-၈၀၄၀၂၁ | တ-၁၈၃၆၂၅ |
| ဗ-၆၆၄၄၇၁ | လ-၁၀၈၇၄၅ |
| ခ-၂၈၇၈၀၉ | ည-၈၇၇၇၈၅ |
| ဒ-၃၈၇၈၄၂ | ဓ-၅၈၉၁၇၁ |
| ကက-၄၁၀၀၄၉ | ဖ-၆၉၈၄၂၅ |

**ကျပ်(၂၅)သိန်းဆုများ**

| | |
|---|---|
| ခ-၇၇၇၁၉၉ | ကက-၈၇၂၁၆၁ |
| ကဂ-၃၇၀၆၈၁ | ဗ-၅၇၉၁၀၁ |
| ကဂ-၁၅၅၈၅၇ | အ-၅၀၆၄၂၆ |
| ဌ-၇၁၅၃၀၁ | ကခ-၇၂၁၀၄၇ |
| သ-၈၃၉၇၈၀ | ဟ-၆၁၈၀၈၉ |
| တ-၄၇၇၅၉၆ | ခ-၃၂၂၀၂၆ |
| ဝ-၇၉၅၆၈၁ | |

**ကျပ်သိန်း(၅၀)(မင်္ဂလာစုံတွဲ)ဆုများ**

| | |
|---|---|
| ယ-၈၇၅၄၉၃ | ကဂ-၄၂၄၈၈၂ |
| ဒ-၄၀၃၄၀၆ | ည-၂၉၁၂၀၇ |
| ည-၇၇၃၅၃၆ | ကဃ-၃၈၄၉၆၃ |
| န-၉၁၀၈၀၂ | ၎-၇၈၂၅၁၃ |
| ခ-၅၂၉၂၅၃ | ကက-၂၂၄၆၄၉ |
| ကဃ-၇၄၂၀၆၆ | ဠ-၂၅၆၈၇၁ |
| ကခ-၁၆၀၁၈၃ | ဃ-၉၂၉၈၇၁ |
| ကဂ-၉၅၀၉၄၀ | ခ-၄၃၁၇၇၁ |
| ကက-၉၂၄၅၂၁ | က-၁၆၀၁၅၀ |
| ထ-၃၇၁၅၂၃ | |



# နယ်စပ်/စည်ပင်ဝန်ကြီးဌာနသင်တန်းများဆင်းပွဲအခမ်းအနားကျင်းပ ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် အောက်တိုဘာ ၁

**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ယနေ့နံနက် ၈နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁)ရပ်ကွက်ရှိ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ကျင်းပသော အဆင့်မြင့်အုပ်ချုပ်မှုသင်တန်း အမှတ်စဉ်(၁၀)၊ အမှုဆောင်အရာရှိ သင်တန်းအမှတ်စဉ်(၁)၊ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၁၉)သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။** (အပေါ်ပုံ)

## ဆုချီးမြှင့်

အခမ်းအနားတွင် ဝန်ကြီးက အဆင့်မြင့်အုပ်ချုပ်မှု သင်တန်းအမှတ်စဉ်(၁၀)တွင် စံပြသင်တန်းသားဆုရရှိသူ ဦးကြည်စိုး ဦးစီးအရာရှိ ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့အား လည်းကောင်း၊ အမှုဆောင် အရာရှိများ မွမ်းမံသင်တန်းအမှတ်စဉ်(၁)စံပြသင်တန်းသားဆုရရှိသူ ဦးသစ်ထူးမြင့် ဦးစီးအရာရှိ ပင်လုံမြို့နယ်ခွဲ စည်ပင်သာယာရေးအဖွဲ့အား လည်းကောင်း၊ စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ်(၁၉)တွင် စံပြသင်တန်းသားဆုရရှိသူ ဦးသက်နိုင်ဝင်း လက်ထောက်နည်းပြ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား လည်းကောင်း ဆုများချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားခေါင်းဆောင်များအား ပေးအပ်သည်။

**(သတင်းစဉ်)**

# နိုင်ငံတော်ဝန်ကြီးချုပ်ဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၅ ရက် မှ ၃၁ ရက်အထိ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁

**၂၀၀၄ခုနှစ် နိုင်ငံတော်ဝန်ကြီးချုပ်ဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ကျင်းပရေးပေါင်းစပ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)(သုဝဏ္ဏ) ပတ္တမြားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ဝန်ကြီးက မြန်မာ့ရိုးရာ ခြင်းလုံးအားကစားကို ပြည်သူလူထုအတွင်း ပိုမိုပျံ့နှံ့လာစေပြီး ခြင်းလုံးအစ မြန်မာကဟူသော အယူအဆကို ကမ္ဘာသို့တိုင်အောင် ဖော်ဆောင်နိုင်ရန်၊ ခြင်းလုံးအားကစား ဖွံ့ဖြိုးတိုးတက်လာစေပြီး ယဉ်ကျေးမှုအမွေအနှစ် တစ်ရပ်အဖြစ် ထိန်းသိမ်းမြှင့်တင်ရန်၊ ခြင်းလုံးမှတစ်ဆင့် စည်းလုံးညီညွတ်မှု စွမ်းအားတိုးမြင့်လာစေပြီး မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန် ရည်ရွယ်၍ ပြိုင်ပွဲကျင်းပရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ဖလား ပြိုင်ပွဲဖြစ်သဖြင့် နိုင်ငံတော်အဆင့်ပြိုင်ပွဲ ဖြစ်သည်နှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း၊ တစ်နိုင်ငံလုံး ကျေးလက်တောရွာဒေသပါမကျန် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ အကြိုခြေစစ်ပွဲများ ကျင်းပစိစစ်ပြီး နောက်ဆုံးအဆင့်ပြိုင်ပွဲကို ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ကြောင်းဖြင့် အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံခြင်းလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌက ပြိုင်ပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်လာသူများက ပြိုင်ပွဲမတိုင်မီ သတင်းထုတ်ပြန်လှုံ့ဆော်ရေး၊ ခြေစစ်ပြိုင်ပွဲများကျင်းပရေး၊ ဖွင့်ပွဲအခမ်းအနားကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး၊ ပြိုင်ပွဲများ စနစ်တကျကျင်းပရေး၊ ဆုချီးမြှင့်ရေး ကိစ္စများကို အကြံပြုဆွေးနွေးတင်ပြကြပြီး ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

## ကျင်းပသွားမည်

၂၀၀၄ခုနှစ် နိုင်ငံတော်ဝန်ကြီးချုပ်ဖလား မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၅ ရက်မှ ၃၁ ရက်အထိ ရန်ကုန်မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး အောက်မြန်မာပြည်ခြေစစ်ပြိုင်ပွဲများကို ဒီဇင်ဘာ ၄ ရက်နှင့် ၅ ရက်တို့တွင် ရန်ကုန်မြို့၌ လည်းကောင်း၊ အထက်မြန်မာပြည် ခြေစစ်ပြိုင်ပွဲများကို ဒီဇင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် မန္တလေးမြို့၌ လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း) မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကြည့်ရှုအားပေးပြီးဆုများချီးမြှင့်




**ရန်ကုန် အောက်တိုဘာ ၁**

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်ကကြီးမှူးကျင်းပသော ဆဋ္ဌမအကြိမ်မြောက် Han Golf Masters မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၈ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ မြန်မာဂေါက်ကလပ် ဇမိုင်ပြည်လမ်း၌ ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ဂေါက်သီးရိုက်အားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

## ဆုချီးမြှင့်

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ Srixon Brand မန်နေဂျာ ဦးအောင်ထွန်းဦးက ပြိုင်ပွဲတွင်အထူးဆုရရှိသော ဘုန်းပြည့်ချမ်းဟန်အား အထူးဆုချီးမြှင့်ပြီး Wilson ဒါရိုက်တာဦးအောင်လှဟန်က Wilson Putting Challenge ပြိုင်ပွဲတွင် ပထမရရှိသော စွမ်းသီဟအောင်အားလည်းကောင်း၊ Pan-West(Myanmar) အထွေထွေမန်နေဂျာဦးသန့်က အမျိုးသမီး အသက်(၁၈)နှစ်အောက်ပြိုင်ပွဲတွင် စုစုပေါင်း၁၃၃ချက်ဖြင့် စတုတ္ထရရှိသော ယွန်းစန္ဒီ၊ စုစုပေါင်း၁၂၁ချက်ဖြင့် တတိယရရှိသော ခင်မွန်ကျော်၊ စုစုပေါင်း၁၁၂ချက်ဖြင့် ဒုတိယရရှိသော မေဦးခင်၊ စုစုပေါင်းအချက် ၁၁၀ဖြင့် ပထမရရှိသော ရွှေရည်ဝင်းတို့အား လည်းကောင်း၊ Thike Diamond Shop မှ ဦးကျော်မင်းမင်းလတ်က အသက်(၈-၁၀)နှစ်တန်းပြိုင်ပွဲတွင် စုစုပေါင်း၁၃၆ချက်ဖြင့် ပဉ္စမရရှိသော နန္ဒကျော်၊ စုစုပေါင်း၁၂၇ချက်ဖြင့် စတုတ္ထရရှိသော အောင်ရှင်းသန့်၊ စုစုပေါင်း၁၁၅ချက်ဖြင့် တတိယရရှိသော ခွန်အောင်မြတ်၊ စုစုပေါင်း၁၀၂ချက်ဖြင့် ဒုတိယရရှိသော ကောင်းဇော်ရှိန်း၊ စုစုပေါင်း၉၂ချက်ဖြင့် ပထမရရှိသော ဇွဲလင်းငွေတို့အားလည်းကောင်း၊ မြန်မာဂေါက်ကလပ် ဒုတိယဥက္ကဋ္ဌ ဦးမျိုးသိန်းက အသက်(၁၁-၁၂)နှစ်တန်းပြိုင်ပွဲတွင် စုစုပေါင်း၉၉ချက်ဖြင့် ပဉ္စမရရှိသော ဉာဏ်ရဲထွဋ်၊ စုစုပေါင်း ၉၈ချက်ဖြင့် စတုတ္ထရရှိသော ကောင်းမျိုးထွန်း၊ စုစုပေါင်း ၉၇ ချက်ဖြင့် တတိယရရှိသော ကောင်းခန့်၊ စုစုပေါင်း ၉၅ချက်ဖြင့် ဒုတိယရရှိသော ရဲသီဟအောင်နှင့် စုစုပေါင်း ၈၈ချက်ဖြင့် ပထမရရှိသော စွမ်းသီဟအောင်တို့အားလည်းကောင်း ဆုများကို အလှည့်ကျချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဦးအောင်ကြည်က အသက်(၁၃-၁၄)နှစ်တန်းပြိုင်ပွဲတွင် စုစုပေါင်း ၉၂ချက်ဖြင့် ပဉ္စမရရှိသော ထက်လင်းအောင်၊ စုစုပေါင်း၉၂ချက်ဖြင့် စတုတ္ထရရှိသော ဉာဏ်လင်းသန့်၊ စုစုပေါင်း၈၉ချက်ဖြင့် တတိယရရှိသော ဥက္ကာဦး၊ စုစုပေါင်း၈၄ချက်ဖြင့် ဒုတိယရရှိသော ဉာဏ်လင်းနှင့် စုစုပေါင်း၈၁ချက်ဖြင့် ပထမရရှိသော ကျော်ဖုန်းမိုတို့အား ဆုများကိုချီးမြှင့်ပေးအပ်လိုက်သည်။

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က အသက်(၁၅-၁၇)နှစ်အတန်း ပြိုင်ပွဲတွင် စုစုပေါင်း၈၂ချက်ဖြင့် ပဉ္စမရရှိသော ရန်နိုင်ဖြိုး၊ စုစုပေါင်း၈၁ချက်ဖြင့် စတုတ္ထရရှိသော အောင်ကျော်သူ၊ စုစုပေါင်း ၈၁ချက်ဖြင့် တတိယရရှိသော လင်းမိုးထွန်း၊ စုစုပေါင်း၇၉ချက်ဖြင့် ဒုတိယရရှိသော စိုးမိုးဝင်းနှင့် စုစုပေါင်း၇၈ချက်ဖြင့် ပထမရရှိသော နေဗလဝင်းမြင့်တို့အား ဆုများချီးမြှင့်ပေးအပ်လိုက်သည်။

## ပံ့ပိုးကူညီ

ယင်းဆဋ္ဌမအကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကို Han Golf Masters Pte,Ltd.က အဓိကပံ့ပိုးပြီး Co-Sponsors များဖြစ်ကြသော Pan-West(Myanmar)Co.,Ltd., Wilson, Srixon, Mya Yeik Nyo, Golf Driving Range, Alpine Drinking Water, Star Ice-cream နှင့် Myanmar Golf Club တို့ကလည်း ပံ့ပိုးကူညီပေးကြကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**

**မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ အမှုဆောင်များနှင့်အတူ မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက် အားကစားမောင်မယ်များ ဆုချီးမြှင့်ပွဲအပြီးတွင် တွေ့ရစဉ်။**
(ဂေါက်သီးရိုက်အဖွဲ့ချုပ်)



# ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဧည့်ခံကျွေးမွေးရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ ကျန်းမာရေးအသိပညာပေးဟောပြော

**ရန်ကုန် အောက်တိုဘာ ၁**

၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ ဧည့်ခံကျွေးမွေးရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ ဧည့်ခံကျွေးမွေးရေးအဖွဲ့ခွဲ၏ ကျန်းမာရေးဟောပြောပွဲနှင့် စစ်ဆေးခြင်း အခမ်းအနားကို ယနေ့ နံနက်၉နာရီတွင် ရန်ကုန်မြို့ ဘုရင့်နောင်လမ်းမကြီးရှိ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း (ဘုရင့်နောင်) ဧည့်တွေ့ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ဧည့်ခံ ကျွေးမွေးရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သန်းစိန်နှင့် ဧည့်ခံကျွေးမွေးရေး အဖွဲ့ခွဲ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဝင်းနောင် တို့က အမှာစကားပြောကြားကြသည်။

## ကျန်းမာရေးစစ်ဆေး

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးဌာနမှ ကူးစက်ရောဂါဆရာဝန်ကြီး (အောက်မြန်မာပြည်)ဒေါက်တာဒေါ်မြသန်းနွယ်က ကျန်းမာရေးအသိပညာပေးဟောပြောပြီး ဧည့်ခံကျွေးမွေးရေးအဖွဲ့ခွဲတွင် တာဝန်ထမ်းဆောင်မည့်သူများအား ကျန်းမာရေး စစ်ဆေးပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# အဆင့်မြင့်တန်းဘောလုံးပွဲ

**ရန်ကုန် အောက်တိုဘာ ၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ဆက်လက်ကျင်းပရာ ပို့ဆောင်ရေးအသင်းက မြို့တော်စည်ပင်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင် ရရှိသွားသည်။

လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးအသင်းတို့ယှဉ်ပြိုင်ကစားရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

**(မြန်မာ့အလင်း)**



ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း မြစ်ငယ်နှင့်ပလိပ်အကြား ရန်ကုန်-မန္တလေး ဒွေးလမ်းဖောက်လုပ်ရေးစီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

# မြစ်ကြီးနား-မန္တလေးရထားလမ်းနှင့် ရန်ကုန်-မန္တလေးရထားလမ်း ဒွေးလမ်းဖောက်လုပ်ရေး ဒုတိယဝန်ကြီးဦးဖေသန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းသည် စက်တင်ဘာ ၂၆ရက်တွင် မြစ်ကြီးနားမြို့သို့ ရောက်ရှိပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန လုပ်ငန်းများမှ အရာထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများပေါင်းစပ်ညှိနှိုင်း မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။ ထို့နောက် မြစ်ကြီးနားဘူတာမှတစ်ဆင့် မြန်မာ့မီးရထားမှတာဝန်ရှိသူများလိုက်ပါလျက် အထူးရထားငယ်(DRC-102 )ဖြင့် မြစ်ကြီးနား-မိုးညှင်း ရထားလမ်းပိုင်းအား ကြည့်ရှုစစ်ဆေးရာတွင် မိုင်တိုင်အမှတ် (၇၁၈/၁)၌ သစ်သားဇလီဖားတုံးများ အသစ်လဲလှယ်၍ ကျောက်ဖြည့်ပြုပြင်ခြင်းလုပ်ငန်း၊ မိုးကောင်းတံတား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် တံတားအမှတ် (၆၃၉)အနီးတွင် ရေလမ်းကြောင်းနှင့် တာပေါင်ပြုပြင်ခြင်းလုပ်ငန်းတို့ကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားဖြည့်ဆည်းပေးသည်။**

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် စက်တင်ဘာ ၂၇ရက်တွင် အထူးရထားငယ်(DRC-102)ဖြင့် မိုးညှင်းဘူတာမှတစ်ဆင့် ကောလင်းမြို့သို့ ဆက်လက်ထွက်ခွာခဲ့ပြီး လမ်းခရီး၌ တံတားအမှတ် ၅၅၅၊ တံတားအမှတ် ၅၅၀၊ တံတားအမှတ် ၃၂၃နှင့် မဲဇာချောင်းတံတားတို့အား ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ အသေးစိတ် ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားဖြည့်ဆည်းပေးသည်။

စက်တင်ဘာ ၂၈ရက်တွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကောလင်းမြို့မှတစ်ဆင့် ရေဦးဘူတာသို့ အထူးရထားငယ် (DRC-102)ဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး လမ်းခရီး၌ ကန့်ဘလူဘူတာ၊ ခင်ဦးဘူတာနှင့် ရေဦး ဘူတာတို့တွင် ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဘူတာများ၊ ဝန်ထမ်းအိမ်ရာများ သန့်ရှင်းသပ်ရပ်ရေး၊ လုံခြုံရေး၊ ခရီးသည်နှင့် ကုန်စည်များ အဆင်ပြေ ချောမွေ့စွာ ပို့ဆောင်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြား ဖြည့်ဆည်းပေးခဲ့သည်။

## ကြည့်ရှုစစ်ဆေး

စက်တင်ဘာ ၂၉ ရက်တွင် ဒုတိယဝန်ကြီးသည် မုံရွာဘူတာအား ကြည့်ရှုစစ်ဆေးပြီး ဘူတာအဆောက်အအုံပြင်ဆင်ရေး၊ ဘူတာအဝင်တွင် ခရီးသည်များအတွက် ကားရပ်နားရန်နေရာဆောင်ရွက်ရေး စသည်တို့ကို မှာကြားပြီးနောက် ဆက်လက်ထွက်ခွာလာကာ ချောင်းဦးဘူတာ၊ ညောင်ပင်ဝန်းဘူတာတို့မှတစ်ဆင့် ရေကျော် ရထားလမ်းပိုင်းများကို အသေးစိတ်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆိုင်ရာများမှာကြားဖြည့်ဆည်းပေးခဲ့သည်။ ဒုတိယဝန်ကြီးသည် ညောင်ပင်ဝန်းဘူတာမှတစ်ဆင့် မော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး ရွာထောင် ဒီဇယ်စက်ခေါင်းစက်ရုံ၌ မြန်မာ့မီးရထား တိုင်းအမှတ်(၂)၊(၃)နှင့်ဒီဇယ်စက်ခေါင်းစက်ရုံမှ အရာထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများမှာကြားကာလိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

## လုပ်ငန်းဆိုင်ရာများမှာကြား

စက်တင်ဘာ၃၀ရက်တွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရွာထောင်မှတစ်ဆင့် မြစ်ငယ်ရှိ ကွန်ကရစ်ဇလီဖားစက်ရုံသို့ရောက်ရှိပြီး ကွန်ကရစ်ဇလီဖားတုံးများ ထုတ်လုပ်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီးလျှင် ထုတ်လုပ်ပြီး ကွန်ကရစ်ဇလီဖားတုံးများကို လိုအပ်သော ရထားလမ်းပိုင်းများသို့ အမြန်ပေးပို့ရေးမှာကြားခဲ့သည်။ ထို့နောက် မြစ်ငယ်ဘူတာမှတစ်ဆင့် အထူးရထားငယ်(DRC-102)ဖြင့် မြစ်သားဘူတာသို့ ဆက်လက်ထွက်ခွာပြီး ရန်ကုန်-မန္တလေးရထားလမ်း ဒွေးလမ်းဖောက်လုပ်ရေးစီမံကိန်းလုပ်ငန်း၏ မြစ်ငယ်-ကျောက်ဆည်လမ်းပိုင်းတွင် ဒွေးလမ်းအတွက် မြေသားတာပေါင်ပြုလုပ်ခြင်း၊ ကျောက်များဖြည့်ပြီး သံလမ်းအကြမ်းခင်းခြင်းလုပ်ငန်းများကိုလည်းကောင်း၊ တံတားအမှတ် (၇၉၆) ဝါးရင်းဒုတ်တံတားနှင့် တံတားအမှတ် (၇၄၈) ဇော်ဂျီတံတားတို့တွင် ဒွေးလမ်းအတွက် ရထား တံတားသစ်များတည်ဆောက်ရေးအတွက် လည်းကောင်း၊ တံတားအမှတ် (၇၃၀)လေးဆယ်ကုန်းချောင်းကူးတံတားတွင် သံပေါင်တည်ဆောက်ပြုလုပ်ခြင်းလုပ်ငန်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများမှာကြားဖြည့်ဆည်းပေးခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**


# စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။


# ကမ္ဘာ့ဖလားကရာတေးဒိုတံခွန်စိုက်ပြိုင်ပွဲ မြန်မာအဖွဲ့ အမျိုးသားအသင်းလိုက် ခတပြိုင်ပွဲတွင်ဒုတိယရရှိ

**ရန်ကုန် အောက်တိုဘာ ၁**

၂၀၀၄ ခုနှစ် စက်တင်ဘာ၂၂ရက်မှ ၂၃ရက်အထိ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပခဲ့သော (၉)ကြိမ်မြောက် ကမ္ဘာ့ဖလားကရာတေးဒို တံခွန်စိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ် အမှုဆောင် ဦးမင်းဇေယျာလှိုင်ခေါင်းဆောင်သော မြန်မာ့လက်ရွေးစင် ကရာတေးဒိုအဖွဲ့သည် အမျိုးသားအသင်းလိုက် ခတပြိုင်ပွဲတွင် ဒုတိယငွေတံဆိပ်ဆု တစ်ခုရရှိခဲ့သည်။

ပြိုင်ပွဲသည် ကမ္ဘာ့နိုင်ငံပေါင်း ၃၆နိုင်ငံမှ ထိပ်တန်းကရာတေးဒို အားကစားမောင်မယ်များ ပါဝင်ယှဉ်ပြိုင်သော ပြိုင်ပွဲဖြစ်သည်။ အမျိုးသား ၁၅၆ဦးနှင့် အမျိုးသမီး ၇၈ဦး စုစုပေါင်း ၂၃၄ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာ့လက်ရွေးစင် ကရာတေးဒိုအဖွဲ့သည် ယင်းပြိုင်ပွဲတွင် အမျိုးသမီးတစ်ဦးချင်း ခတပြိုင်ပွဲ၊ တစ်ဦးချင်း ကုမိတဲ့ အိုးပင်းအတန်းပြိုင်ပွဲများတွင် လည်းကောင်း၊ အမျိုးသားတစ်ဦးချင်း ခတပြိုင်ပွဲနှင့် တစ်ဦးချင်း ကုမိတဲ့ အိုးပင်းအတန်းပြိုင်ပွဲများတွင်လည်းကောင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲ၏ အမျိုးသားအသင်းလိုက် ခတပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ဝမ်းကိုကိုဦး၊ မြင့်ဇော်ဦးနှင့် မင်းအေးတို့ ပါဝင်ကြသော မြန်မာအသင်းက ၄၂ ဒသမ ၇ မှတ်ဖြင့် ဒုတိယ ငွေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

ယင်းပြိုင်ပွဲတွင် အိမ်ရှင်ဂျပန်အသင်းက ၄၃ ဒသမ ၂ မှတ်ဖြင့် ပထမရပြီး ကနေဒါအသင်းက ၄၂ ဒသမ ဝ မှတ်ဖြင့် တတိယရရှိသည်။

အမျိုးသမီးတစ်ဦးချင်း ခတပြိုင်ပွဲတွင် ၅၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ မြန်မာအသင်းမှ ယင်းဟုထောင်းလွယ်က ပဉ္စမနေရာကိုလည်းကောင်း၊ အမျိုးသားတစ်ဦးချင်း ခတပြိုင်ပွဲတွင် ၉၇ ဦးပါဝင်ယှဉ်ပြိုင်ကြရာ မြန်မာအသင်းမှ မြင့်ဇော်ဦးက ပဉ္စမနေရာကို လည်းကောင်း၊ ဝမ်းကိုကိုဦးက သတ္တမနေရာကိုလည်းကောင်း အသီးသီးရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**အောက်တိုဘာ ၁ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနစု စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းအမှတ်စဉ် ၅/၂၀၀၄ သင်တန်းဆင်းပွဲအခမ်းအနားကို သာကေတမြို့နယ် အမက (၁၈) ခန်းမတွင် ကျင်းပရာ အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးဦးမြအောင်က သင်တန်းဆင်းအမှာစကားပြောကြားစဉ်။** (၄၀၀)

## မြဝတီရုပ်မြင်သံကြား

**၂-၁၀-၂၀၀၄ (စနေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"ဝိသုဒ္ဓိ ၇ပါး ရထား ၇စီးဥပမာ"**

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၀ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The Mixed Argument (ဒဿနိက၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ဥပဒေ၊ ပထဝီ၊ စိတ်ပညာ၊ အရှေ့တိုင်း)
၅:၃၀ ၉။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရေသူမလေးရဲ့အချစ်"** (အပိုင်း-၃)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ English Premier League ဘောလုံးပွဲ Westbromwich Albion Vs Bolton Warderers

## စူပါသတင်းဂျာနယ်ဖြန့်ချိ

**ရန်ကုန် အောက်တိုဘာ ၁**

မြန်မာမိန်းကလေးတစ်ယောက်မှာ အဓိကရှိသင့်တာ ဣန္ဒြေနဲ့သိက္ခာပါလို့ ပြောတဲ့ အနုပညာကြယ်ပွင့်သစ် ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် ပန်သစ္စာ၊ ကိုရီးယားဇာတ်လမ်းတွဲမဆုတ်မနစ်ထဲက ချန်းဂျွန်၏အနုပညာအကြောင်း၊ ဂျပန်ပြည်ရောက် မြန်မာသရုပ်ဆောင်တို့၏ ကြိုးပမ်းသရုပ်ဆောင်မှုများ၊ ရုပ်ရှင်ဇာတ်လမ်းတွေမှာ အမေတို့ရဲ့အရေးပါမှု၊ ချစ်သူနားဆင်ဖို့ ဗွီစီဒီမှ ဒါရိုက်တာကြည်ဖြူသျှင် ရိုက်ကူးတဲ့ တစ်ဘဝလုံးချစ်မည့်သူ ရိုက်ကွင်းပုံရိပ်များ၊ ဦးသုမောင်၊ ဦးနေအောင် ဘယ်နေရာနေမလဲ၊ ဥရောပနှင့်ဟောလိဝုဒ်ရုပ်ရှင်လောက၏ စူပါတစ်ဦးဖြစ်သော အီတလီနိုင်ငံသူ ရုပ်ရှင်သရုပ်ဆောင် မော်နီကာဘယ်လူချီ၏ဘယ်သူပြိုင်လို့ လှပါတော့နိုင်ဖြစ်တဲ့ အလှပုံရိပ်များနဲ့ ဘဝကောက်ကြောင်း စသော မြန်မာနှင့် နိုင်ငံတကာတို့မှ ရုပ်ရှင်အနုပညာလောက၏ စူပါတို့ အတွေးအမြင်အယူအဆများနှင့်အတူ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ပွင့်နဒီမောင်၏ စူပါစတိုင်အလှ ရောင်စုံဓာတ်ပုံတို့ဖြင့် စူပါသတင်းဂျာနယ် အမှတ် (၃၃)ကို ဆင်တောင်ကြီးစာပေ အမှတ် (၄၁) ၂၉လမ်း ရန်ကုန်မြို့က ဖြန့်ချိထားကြောင်းသိရသည်။

**(က-ပ)**

# ဒွါဒသမအကြိမ်(၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

- ❒ မိမိတို့ နိုင်ငံသူ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရေး။
- ❒ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး။
- ❒ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့်မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကား ပြန့်ပွားရေး။
- ❒ မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရေး။
- ❒ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေး။
- ❒ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး။

## ကျေးလက် သတင်းနှင့် မြင်ကွင်း



# မအူပင်မြို့နယ်တွင် မင်္ဂလာစာကြည့်တိုက် တိုးချဲ့ဆောင်ဖွင့်လှစ်

မအူပင် စက်တင်ဘာ ၂၅

**မအူပင်မြို့နယ် လေးအိမ်စုကျေးရွာ ကိုယ့်အားကိုယ်ကိုး မင်္ဂလာစာကြည့်တိုက် တိုးချဲ့ဆောင်ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၅ရက်က လေးအိမ်စုကျေးရွာ မင်္ဂလာစာကြည့်တိုက်ရှေ့တွင်ကျင်းပရာ ဆရာတော် ဦးဝိစိတ္တသာရနှင့် မအူပင်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။(အပေါ်ပုံ)**

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ အစီအစဉ်ဖြင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် လှူဒါန်းသောစာအုပ်များနှင့် မအူပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လှူဒါန်းသော စာအုပ်များကို မအူပင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်စိုးက လေးအိမ်စုကျေးရွာ ကိုယ့်အားကိုယ့်ကိုး မင်္ဂလာစာကြည့်တိုက်သို့ ပေးအပ်လှူဒါန်းသည်။

မအူပင်မြို့နယ်အတွင်း ကျေးရွာအုပ်စု ၇၆အုပ်စုတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဆက်လက်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြသည်။

**ဆောင်ရွက်ထား**

လေးအိမ်စုကျေးရွာ ကိုယ့်အားကိုယ်ကိုးမင်္ဂလာစာကြည့်တိုက်တွင် စာအုပ်များ အလွယ်တကူရှာဖွေ၍ စနစ်တကျ ဖတ်ရှုနိုင်ရန် ဆောင်ရွက်ထားကြောင်း သိရသည်။(၄၂၁)

## စာတတ်သူတိုင်း စာဖတ်ဖို့ စာကြည့်တိုက်များ ထူထောင်စို့

**စက်တင်ဘာ ၂၁ရက်က တနင်္သာရီတိုင်း ညောင်ပင်ကွင်းကျေးရွာအုပ်စု ပညာအလင်းပြ စာကြည့်တိုက်ဖွင့်ပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြသိန်းနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးတင်တို့က ဖဲကြိုးဖြတ် စာကြည့်တိုက် ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)



# မော်ကျွန်းမြို့နယ်တွင်ကျေးလက်စာကြည့်တိုက်ဖွင့်လှစ်

## ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် အောင်မြင်ရှင်သန်ရေးဟောပြော

မော်လမြိုင်ကျွန်း စက်တင်ဘာ ၂၇

**မော်လမြိုင်ကျွန်းမြို့နယ် အောက်ဘက်အမှတ်(၄)နယ်မြေရှိ ရောက်ချောင်းကျေးရွာအုပ်စု မြစ်တန်းကျေးရွာ စေတနာ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ ၂၂ရက် မွန်းတည့် ၁၂နာရီက မြစ်တန်းကျေးရွာ မူလတန်းကျောင်း၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကိုကိုလွင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂) ဦးမြင့်အောင်(မော်ကျွန်းမြင့်အောင်)တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။(အောက်ပုံ)**

ယင်းနောက် ရောက်ချောင်းကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးလှဋ္ဌေးက စာကြည့်တိုက်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းကို ပြောကြားပြီး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂) ဦးမြင့်အောင်(မော်ကျွန်းမြင့်အောင်)က ကျေးလက်စာကြည့်တိုက်များ အောင်မြင်ရှင်သန်ရေးနှင့် စပ်လျဉ်း၍ ဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေအလှူရှင်များက စာအုပ်၊စာစောင်များ လှူဒါန်းကြရာ ရောက်ချောင်းကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးလှဋ္ဌေးက လက်ခံရယူသည်။

မြစ်တန်းကျေးရွာစေတနာ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲအပြီးတွင် ကျေးရွာပြည်သူများသည် စာကြည့်တိုက်အတွင်း မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်နှင့် သတင်းစာများကို စိတ်ဝင်စားစွာ လေ့လာဖတ်ရှုကြသည်။

**(မြို့နယ် ပြန်/ဆက်)**



**လေးမျက်နှာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမက်အာသာနှင့် အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ) ဦးမြင့်စိုးတို့ ဦးဆောင်ကြီးကြပ်မှုဖြင့် ရုံးအဖွဲ့ဝန်ထမ်းများ စက်တင်ဘာ ၅ရက်က ဗိုလ်ချုပ်လမ်း ဘေးဝဲယာ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများ ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)



# စိမ်းလန်းစိုပြည်ရေး စုပေါင်းဆောင်ရွက်

**မြန်အောင် စက်တင်ဘာ ၂၇**

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေး အတွက် ဆောင်ရွက်မှုကို စက်တင်ဘာ ၂၄ရက်က အဖွဲ့ဝန်ထမ်းများက လွန်ဆေးမြိုင်ပန်းခြံအတွင်း ပေါင်းမြက်ပင်များရှင်းလင်းခြင်း၊ မြေယာရှုခင်းအလှဆင်ခြင်းနှင့် ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးခြင်းတို့ကို အမှုဆောင်အရာရှိ ဦးမိုးဟိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ကိုကိုတို့က ကြီးကြပ်ဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

# ကျိုက်လတ်မြို့နယ်၌ နွေစပါးနှင့် ဆောင်းသီးနှံ

## စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကျင်းပ

**ကျိုက်လတ် စက်တင်ဘာ ၂၉**

ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်၌ ၂၀၀၄-၂၀၀၅ ခုနှစ် နွေစပါးနှင့် ဆောင်းသီးနှံစီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ၂၆ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေဝါလတ်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အထွက်တိုးစခန်း နယ်မြေခြောက်ခုမှ စခန်းတာဝန်ခံနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးမြဟန်က အမှာစကားပြောကြားပြီး၊ စခန်းနယ်မြေခြောက်ခုမှ ကျေးရွာဥက္ကဋ္ဌများအား တာဝန်ပေးအပ်လွှာများ ပေးအပ်ကြသည်။ တစ်မြို့နယ်လုံးတွင် မိုးစပါး ၁၃၁၅၀၃ ဧက စိုက်ပျိုးခဲ့ပြီး နွေစပါး၁၂၅၃၂၉ ဧကနှင့် ဆောင်းသီးနှံ ၁၀၆၀၃ ဧက စိုက်ပျိုးကြမည် ဖြစ်သည်။

(က-ပ)



# စိုက်ပျိုးပြီး ပထမမိုးစပါးရိတ်သိမ်း၊ ဒုတိယမိုးစပါးစိုက်ပျိုး တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် လှည့်လည်ကြည့်ရှုအားပေး

ကျောင်းကုန်း စက်တင်ဘာ ၂၇

**စိုက်ပျိုးပြီး မိုးစပါးပထမမိုးစပါးရိတ်သိမ်းခြင်းနှင့် ဒုတိယမိုးစပါး စိုက်ပျိုးခြင်း အခမ်းအနားကို စက်တင်ဘာ ၂၅ရက် နံနက်က ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ကျုံမားရိုးကျေးရွာအုပ်စုရှိ တောင်သူဦးသိန်း၏ လယ်မြေ ၄ ဒသမ ၈၀ ဧက စိုက်ကွင်းတွင် ကျင်းပသည်။**

ရှေးဦးစွာ ယာယီရှင်းလင်းဆောင်တွင် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်အား ကျောင်းကုန်းမြို့နယ်ဥက္ကဋ္ဌ ဦးကြည်စန်းက မြို့နယ်အတွင်း စိုက်ပျိုးမြေဧရိယာနှင့် စိုက်ပျိုးသီးနှံ အခြေအနေများကို လည်းကောင်း၊ တိုင်းစိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးလှမျိုးနှင့် တာဝန်ရှိသူများက မိုးစပါးစိုက်ပျိုးဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။ ထို့နောက် တိုင်းမှူးက ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက် ရောက်ရှိရေး၊ စိုက်ပျိုးလျက်ရှိသည့်စပါးများဖြစ်ထွန်းရေးအတွက် မြေသြဇာ အချိုးကျသုံးစွဲရေး၊ လယ်ယာသုံး စက်ကိရိယာများတွင်ကျယ်စွာ အသုံးပြုရေးနှင့် လိုအပ်ချက်များကို အချိန်မီ တင်ပြညှိနှိုင်းဆောင်ရွက်ရေးကို မှာကြားသည်။

**အားပေး**

ဆက်လက်၍ တိုင်းမှူးသည် အဖွဲ့ဝင်များနှင့် အတူ စိုက်ကွင်းအတွင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများ စုပေါင်း၍ ပထမမိုးစပါး၊ သီးထပ်ရင် မိုးစပါးများကို စက်အား၊ လူအားဖြင့် ရိတ်သိမ်းမှု၊ ဉာဏ်မွှေး မျိုးစပါးများ စိုက်ပျိုးရန် မြေပြုပြင် ထွန်ယက်မှုနှင့် သိပ္ပံနည်းကျ ကောက်စိုက်မှု၊ ရိတ်သိမ်းပြီး စပါးများ ခြွေလှေ့ဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။ **(အပေါ်ဝဲပုံ) (၂၆၅)**



**စက်တင်ဘာ ၁၈ ရက်က မွန်ပြည်နယ် အားကစား ကော်မတီက ကြီးမှူးကျင်း ပ သော ၁၅ကီလို တာဝေးအပြေး ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲဆုပေးပွဲကို မော်လမြိုင်မြို့ ရာမည အားကစားပြိုင် ကွင်းတွင် ကျင်းပရာ အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရ မဇာနည်ဇော်(မော်လမြိုင်)အား မွန်ပြည်နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးလှက ငွေကျပ်တစ်သိန်း ချီးမြှင့်စဉ်။** (၁၆၈)

**စက်တင်ဘာ၂၀ရက်က ကျောက်တန်းမြို့နယ် ရွှေကုန်းရပ်ကွက်၌ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကျင်းပရာ လက်ထောက်မြို့နယ် ဦးစီးဌာနမှူး ဦးကျော်ကျော်ဦးက ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်ဆင့်ထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။** (မြို့နယ် လဝက)




# အမြို့မြို့ အနယ်နယ် သတင်းများ

# ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

# ဘုမ္မာသက္က ဆွမ်းလောင်းပွဲတော်ကျင်းပ

**ပြည် စက်တင်ဘာ ၂၅**

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ ရတနာမာရ်အောင်ကျောင်းတိုက် ဦးစီးနာယကဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ကမ္ဘာ့ရွှေရင်အေး ဆရာတော် ဦးဝိစ္ဆာဗလ(ရွှေဖျိုင်းနား)၏ အကြိမ်(၃၀)မြောက် ဘုမ္မာသက္ကဆွမ်းလောင်းပွဲတော်ကို ၁၃၆၆ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက် (စက်တင်ဘာ ၂၂ ရက်) နံနက် ၅ နာရီခွဲတွင် ဆွမ်းလောင်းပွဲကျင်းပပြီး ပင့်သံဃာအပါး ၃၁၀နှင့် သီလရှင် အပါး ၁၅၀တို့အား စာရေးတံမဲနှင့်ဒါတဗ္ဗဝတ္ထုနှင့် ဆွမ်းလောင်းအပြီး ရေစက်ချ အခမ်းအနားကို နံနက် ၈ နာရီတွင် ကျင်းပရာ တိုင်းသာသနာရေးမှူး ဦးဝင်းသိန်းနှင့် ဝန်ထမ်းများ၊ တပည့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့က နေ့ဆွမ်း အလှူရှင်ကို ကမ္ဘာ့သာသနာပြု ဦးစိန် သာဗလ ဦးဆောင်၍ ဦးစောလှိုင် ဒုတိယဝန်ကြီး(ငြိမ်း) နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဇနီး ဒေါ်မြင့်မြင့်၊ သထုံအသင်းနာယက ဦးခွန်ဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ)နှင့် ဇနီးတို့ တက်ရောက်ကြပြီး ဆရာတော်ကြီးက ရေစက်ချတရား ဟောကြားကြောင်း သိရသည်။ **(က-ပ)**

**စက်တင်ဘာ ၂၃ ရက်က တိုက်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခရိုင်ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ၊ ပန်းအလှပင်များ စိုက်ပျိုးထားမှုကို ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးကြံတိုင်းဆောင် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။** (က-ပ)

**စက်တင်ဘာ ၆ ရက်က ပဲခူးတိုင်း ဝေါမြို့နယ်အတွင်း ငါးမျိုးပြုန်းတီးမှု မရှိစေရေးအတွက် ဝေါမြို့နယ်ဥက္ကဋ္ဌ ဦးခင်ဇော်မြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ငါး လုပ်ငန်းဦးစီး ဌာနမှူး ဦးဝင်းကြိုင်နှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များက ပဲခူး-စစ်တောင်း တူးမြောင်း အတွင်း ငါးမြစ်ချင်းသားပေါက် ကောင်ရေ ငါးသိန်းမျိုးစိုက်ထည့်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)



**စက်တင်ဘာ ၁၅ရက်က ရေးမြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(အခွန်) ဦးသိန်းသန်းစိုး ဦးဆောင်သည့် ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ စုပေါင်း၍ မြသီတာဈေးအတွင်း အပြင်ရှိ အမှိုက်များ သိမ်းဆည်းခြင်းနှင့်ရေနုတ်မြောင်းတွင်နုန်းများ ဆယ်တင်ခြင်း ဆောင်ရွက်မှုကို အမှုဆောင် အရာရှိ ဦးထွန်းထွန်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ်စည်ပင်)



# နောင်ချိုအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပညာသင်ထောက်ပံ့ကြေးပေးအပ်

နောင်ချို စက်တင်ဘာ ၂၃

**ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၀၀၄-၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၆ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအားမာန်အစည်းအဝေးခန်းမတွင် ကျင်းပသည်။**

အစီအစဉ်အရ ၂၀၀၄-၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သည့် စာရေးဝန်ထမ်း ဒေါ်မာမာချို၏ သမီးမအိချိုလှိုင်အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်ကလည်းကောင်း၊ နှစ်ချင်းပေါက် အောင်မြင်ကြသည့် အကြီးတန်းစာရေး ဒေါ်ခင်ဆွေရီ၏ သမီး မမေဇင်ထိုက်အား မြို့နယ်အုပ်ချုပ်ရေးမှူး၏ဇနီးဒေါ်ခင်ဆွေဝင်းက လည်းကောင်း၊ စာရေးဝန်ထမ်း ဒေါ်လှလှသန်းနှင့် ဒေါ်ကေသီအေးတို့၏ သားများဖြစ်သည့် မောင်နိုင်လင်းထွန်းနှင့်စိုင်းလောင်ခမ်းတို့အား မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးတင်ဝင်းက ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**





**မူဆယ်မြို့နယ် စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိဒုတိယ ညွှန်ကြားရေးမှူး ဦးစိုးရန်နိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဦးနှင့် အင်ဂျင်နီယာမှူး ဦးကျော်ဇေယျတို့ စက်တင်ဘာ ၁၇ ရက်က လမ်းလယ်ပန်းခုံများ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)



## လုပ်ငန်းရှင်းလင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၆ရက်က လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ညွှန်ကြားရေးမှူး ဦးကြီးမြင့်က စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းများ ရှင်းလင်းပြောကြားစဉ်။ (မြို့နယ်စည်ပင်)





စက်တင်ဘာ ၂၁ ရက်က ကျိုင်းတုံမြို့ မြို့မဈေးရေမြောင်းအမှိုက်များ ဆယ်ယူခြင်း၊ ခြင်၊ ယင် ကင်းစင်ရေးအတွက်ခြင်ဆေးဖျန်းစက်ဖြင့် ဆေးဖျန်းခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုးနှင့် အမှုဆောင်အရာရှိ ဦးခင်ကျော်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

## ပဲခူးတိုင်း(အနောက်ပိုင်း)ဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

ပြည် စက်တင်ဘာ ၂၆

**၂၀၀၄ ခုနှစ် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်း)ဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ၂၂ရက်က မင်္ဂလာရွှေပြည် အားကစားကွင်း၌ ကျင်းပသည်။**

ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပြည်မြို့နယ်အသင်းနှင့် သာယာဝတီမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနား ဆက်လက်ကျင်းပရာ ပထမဆုရ ပြည်မြို့နယ်အသင်းအား ဒိုင်းဆုနှင့် တစ်ဦးချင်းငွေသားဆုများကို ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်း) ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းက ဆုချီးမြှင့်ပေးအပ်သည်။ **(အပေါ်ပုံ)** ဒုတိယဆုရရှိသော သာယာဝတီမြို့နယ်အသင်း၊ ပူးတွဲတတိယဆုရရှိသော ပန်းတောင်းနှင့် ကြို့ပင်ကောက်မြို့နယ်အသင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုများကို တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး၊ ခရိုင်ဥက္ကဋ္ဌနှင့် တိုင်းရဲတပ်ဖွဲ့မှူးတို့က ဆုများပေးအပ်ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## နိုင်ငံသားကတ်ပြားပေးအပ်

**မြောင်းမြမြို့နယ် နိုင်ငံသား အရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို စက်တင်ဘာ၁၉ ရက်က မြောင်းမြမြို့နယ် စကမြားကျေးရွာတွင်ကျင်းပရာ မြောင်းမြခရိုင် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်ချယ်နှင့် မြို့နယ်ဦးစီးအရာရှိ ဦးသိန်းညွှန့်တို့ ကျေးရွာဥက္ကဋ္ဌ ဦးအုန်းဟန်ထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။**

(ခရိုင် ပြန် / ဆက်)




## အမြို့မြို့ အနယ်နယ် သတင်းများ

**ညောင်တုန်းမြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို ညောင်တုန်းမြို့နယ် ကြက်ခြေနီတပ်ဖွဲ့ရုံးခန်းတွင် စက်တင်ဘာ ၂၅ရက်က ကျင်းပရာ မအူပင်ခရိုင် ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်နှင့် ညောင်တုန်းမြို့နယ် ဦးစီးအရာရှိ ဦးစိုးမြင့်ထွန်းတို့ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တပ်ဖွဲ့ဝင်များကိုယ်စား ဒုတိယတပ်ရင်းမှူး ဦးဝင်းမြင့်ထံ ပေးအပ်စဉ်။** (ဝ၉၈)

## အမျိုးသမီးများ ကျန်းမာရေးပညာပေးဟောပြော စမ်းသပ်စစ်ဆေး၊ အလှူငွေ ပေးအပ်လှူဒါန်း

**ပေါင် စက်တင်ဘာ ၁၅**

ပေါင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသမီးများ ကျန်းမာရေး သိကောင်းစရာ ရင်သားကင်ဆာ ပညာပေး ဟောပြောပွဲကို ဩဂုတ် ၁၆ ရက်က ပေါင်မြို့ စန္ဒရုံသီ သီလရှင်စာသင် တိုက်တွင် ကျင်းပသည်။

ထို့နောက် မြို့နယ်ဆရာဝန် ဒေါက်တာထွန်းမြင့်က အမျိုးသမီးများ ရင်သားကင်ဆာရောဂါ ပညာပေးဟောပြောပြီး လက်ထောက် ဆရာဝန် ဒေါ်စီစီညွန့်က သီလရှင် စာသင်တိုက်မှ ဆရာကြီးနှင့် ဆရာလေး သီလရှင်များ ရင်သားကင်ဆာရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုများ ဆောင်ရွက်ကြပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ စန္ဒရုံသီ သီလရှင်ကျောင်းတိုက်ရှိသီလရှင်များအားအလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ **(၂၆၀)**

## အရာတော်မြို့နယ်၌ နံ့သာမြိုင်စာကြည့်တိုက်ဖွင့်

အရာတော် စက်တင်ဘာ ၁၅

**မုံရွာခရိုင် အရာတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ဩဂုတ် ၃၁ ရက်က ငါးရောင်းကျေးရွာ၌ နံ့သာမြိုင် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက် ဖွင့်ပွဲ အခမ်းအနားကို ကျင်းပသည်။**

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ကြည်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းလွင်ဦးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးသန်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ကြည်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းလွင်ဦးက မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့် စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် စာအုပ်အလှူရှင် ကိုးဦးတို့က သုတ၊ ရသစာအုပ် ၂၅၀ ကို လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌ ဦးသန်းနိုင်က လက်ခံရယူသည်။

**(မြို့နယ် ပြန်/ဆက်)**



## ခြင်ဆေးဖျန်း

**စက်တင်ဘာ ၁၄ ရက်က တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျန်းမာသန့်ရှင်းရေးအတွက် အမှုဆောင်အရာရှိ ဦးညိုဝင်းကြီးကြပ်၍ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်းတွင် အဖွဲ့ပိုင် ပိုးသတ်ဆေးဖျန်းစက်ဖြင့် ခြင်ဆေးဖျန်းကြစဉ်။** (မြို့နယ်စည်ပင်)



## သန့်ရှင်းရေးစုပေါင်းဆောင်ရွက်

**ဆော့လော် စက်တင်ဘာ ၁၅**

ဆော့လော်မြို့ သာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် စက်တင်ဘာ ၂ရက်က မြို့တွင်း ရေနုတ်မြောင်းများ သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ခြင်းနှင့် အမှိုက်များ ရှင်းလင်းခြင်းလုပ်ငန်းတို့ကို အငယ်တန်းအင်ဂျင်နီယာ-၂ ဦးကျော်ဇင်သန်းနှင့် ဝန်ထမ်းများ၊ ပြည်သူများ စုပေါင်းဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**



**စက်တင်ဘာ ၈ ရက်က မကွေးတိုင်း စည်ပင်သာယာရေး အဖွဲ့က ကြီးမှူး ဖွင့်လှစ်သည့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာများ ခြင်၊ ယင် နှိမ်နင်းမှု သင်တန်းမှ သင်တန်းသား သင်တန်းသူများအား မကွေးမြို့ မြို့မဈေးကြီးအတွင်း လက်တွေ့အသုံးပြုမှု သရုပ်ပြသကြစဉ်။** (က-ပ)

# မြန်မာနှင့်တရုတ်နိုင်ငံအကြား ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြင့်မားနေ နှစ်နိုင်ငံသဘောတူညီချက်များ မြန်ဆန်ထိရောက်စွာအကောင်အထည်ဖော်မှ နိုင်ငံအကျိုးရှိမည် အကောင်အထည်ဖော်မှုအခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များ ပွင့်လင်းစွာဆွေးနွေးတင်ပြ

ရန်ကုန် အောက်တိုဘာ ၁

မြန်မာ-တရုတ် သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေးနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အောက်ပုံ)** ***စာမျက်နှာ ၉ ကော်လံ ၄*** ■





## တရုတ်ပြည် တစ်ပြည်တည်းမူ အစဉ်တစိုက်ထောက်ခံ

- ❒ **မြန်မာနိုင်ငံအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တရုတ်ပြည် တစ်ပြည်တည်းမူ (One China Policy) ကို အစဉ်တစိုက် ထောက်ခံမှုပြုပြီး လက်ခံကျင့်သုံးခဲ့သလို တရုတ်ပြည်သူ့သမ္မတနိုင်ငံကလည်း ဒေသတွင်းမှာရော နိုင်ငံတကာမျက်နှာစာမှာပါ မြန်မာနိုင်ငံသို့ အထောက်အကူပြု ရပ်တည်ဆောင်ရွက်ပေးခြင်းများ များပြားစွာရှိ၊**
- ❒ **နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုများ၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းလာသည်နှင့်အမျှ နှစ်နိုင်ငံ အကြီးအကဲများ အပါအဝင် နိုင်ငံတော်တာဝန်ရှိသူများ၏ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ တိုးပွားများပြားလာပြီး နှစ်နိုင်ငံဆက်ဆံရေးမှာလည်း ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးအဆင့်မှ ညီရင်းအစ်ကို ချစ်ကြည်ရေး အဆင့်သို့ တိုးမြှင့်ဖြစ်ထွန်းလာ။**

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- ✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**အောက်တိုဘာ ၁ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ နှစ်(၄၀)ပြည့်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ရဲတပ်ကြပ်အဆင့် စံပြရဲအဖြစ် ရွေးချယ်ခံရသည့် အမှတ်(၁၅) ရဲတပ်ရင်းမှ ရဲတပ်ကြပ်နေဝင်းအား စံပြရဲစလွယ်ချီးမြှင့်စဉ်။** (သတင်း-၆)**(သတင်းစဉ်)**



# မူပိုင်ခွင့်စနစ်တစ်ရပ်ဖြစ်ထွန်းရေးသည် နိုင်ငံတော်တွင်ရှိသင့်ရှိအပ်သည့် လိုအပ်ချက်တစ်ရပ်ဖြစ် မြန်မာနိုင်ငံတွင် တန်ဖိုးမဖြတ်နိုင်သည့်မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်ပစ္စည်းများမြောက်မြားစွာရှိနေ မူပိုင်ပြုလုပ်ရမည့် သက်ရှိသက်မဲ့ရုပ်ဝတ္ထုပစ္စည်းဆိုင်ရာ မူပိုင်စနစ်ပီပြင်ဖြစ်ထွန်းလာစေရေး ပူးပေါင်းဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၁

**မူပိုင်ခွင့်စနစ် (Intellectual Property System) ဖြစ်ထွန်းရေးဆိုင်ရာ ဦးဆောင်ကော်မတီအစည်းအဝေးကို ယနေ့ညနေ ၄နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။**

အစည်းအဝေးသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။ ***စာမျက်နှာ ၇ ကော်လံ ၁*** ●